ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ သောကြာနေ့၊ (7-3-2008) (၅၆၁၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ခရိုင်နှင့် မြို့နယ်အသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မတ် ၁ ရက် ညပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် တက္ကသိုလ်ဝင် နွေရာသီစာသင်ဝိုင်းသို့ သွားရောက်၍ အမှာစကားပြောကြားကြသည်။

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် မတ် ၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခရိုင်နှင့်မြို့နယ်အသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာများကို မှာကြားကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တိုးချဲ့တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လားရှိုးမြို့ရှိ 66/ 33/ 11 KV (20 MVA) ဓာတ်အားခွဲရုံတည်ဆောက်မှုနှင့် Switch Yard တွင် Transformer များ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်–မန္တလေးကားလမ်းနှင့် တောင်သမန်ကန်ပတ်လမ်း ကြက်လျှာစွန်းကြား တံခွန်တိုင်ဖြတ်လမ်းအား စက်ယန္တရားကြီးများဖြင့် အခြေခံကျောက်လွှာခင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဆောက်လုပ်မှုနှင့် မန္တလေးမြို့တွင်းလမ်းများ ပြုပြင်မှုအခြေအနေများ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဖေဖော်ဝါရီ ၂၀ရက် နံနက် ၈ နာရီခွဲက မန္တလေး ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့် ၆၆–၆၇လမ်းကြားရှိ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး(မန္တလေး) တည်ဆောက်နေသည့်နေရာသို့ ရောက်ရှိပြီး တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး(မန္တလေး)သည် အလျား ၁၆၈ ပေ၊ အနံ ပေ ၅၀၊ အမြင့် ၃၆ ပေရှိ နှစ်ထပ် သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ဈေးဆိုင်ခန်းများနှင့် အပေါ်ထပ်တွင် ရုံးလုပ်ငန်းအတွက် အခန်းများဖွဲ့စည်းတည်ဆောက်မည်ဖြစ်ပြီး ကျပ် ၃၅၄၅ သိန်းကျော် ကုန်ကျမည်ဖြစ်ကာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၃၃ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေကြောင်း သိရသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြေးမုံ The Mirror — မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ အဓိကနဲ့သာမည၊ နိုင်ငံ့အရေးနဲ့ကိုယ့်အရေး လက်တွေ့ကျကျ ရွေးချယ်နိုင်ကြဖို့ အရေးကြီးလာ

"မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ အဓိကနဲ့သာမည၊ နိုင်ငံ့အရေးနဲ့ကိုယ့်အရေး ရစ်ပတ်ရှုပ်ထွေးမနေစေဘဲ လက်တွေ့ကျကျ ရွေးချယ်နိုင်ကြဖို့ အရေးကြီးလာပြီဆိုတာ တွေ့ရပါတယ်။ အမျိုးသားညီလာခံ ကျင်းပနေတုန်းက အချိန်ကြာမြင့်တယ်ဆိုပြီး စိတ်မရှည်ဘဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တစ်ဖက်ကကြည့်ရင် အခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် သဘောမထားဘဲ ဖုတ်ပူမီးတိုက် ပြီးစလွယ်ရေးဆွဲရင် အနာဂတ်မှာ ဘယ်လိုတွေဖြစ်လာမလဲ၊ ဘယ်သူမှ အာမခံနိုင်မယ် မဟုတ်ပါဘူး။ အာမခံသည့်ထားဦး အဲဒီအခြေခံဥပဒေရဲ့ အားနည်းချို့ယွင်းချက်ကြောင့် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးရလဒ်တွေကို နောင်လာနောက်သား သားစဉ်မြေးဆက်တွေပဲ ကုန်းရုန်းပြီး ခံကြရမှာပဲဖြစ်ပါတယ်။"

ကျော်မင်းအေး၏ **"ကြားလေသွေးလို့ အဝေးမခံသင့်ပါ"** (ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၇-၃-၂၀၀၈
(သောကြာနေ့)

ခဲဆိပ်သင့်မှုအန္တရာယ် သတိပြုကာကွယ်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အဓိကလိုအပ်ချက်ဖြစ်ရာ တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်ဂရုပြုကြရမည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများနှင့်အညီ စနစ်တကျ နေထိုင်စားသောက်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သတိပြုကာကွယ်ခြင်းတို့ကိုလည်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။

ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် လူတိုင်းသိရှိ ကာကွယ်ထားရမည့် အန္တရာယ်တစ်ခုမှာ ခဲဆိပ်သင့်မှုဖြစ်သည်။ ခဲသတ္တုနှင့်ဆက်စပ်နေသော လုပ်ငန်းများ လုပ်ကိုင်ရာတွင် အလုပ်လုပ်ကိုင်သူများသာမက ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများကိုပါ ခဲဆိပ်သင့်မှုဖြစ်စေနိုင်သောကြောင့် ကြိုတင်ပြင်ဆင် ကာကွယ်မှုများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

အထူးသဖြင့် ခဲသတ္တုလုပ်ငန်းတစ်ခုဖြစ်သည့် ဘက်ထရီအိုးလုပ်ငန်းများကို နေအိမ်နှင့်တွဲဖက်လုပ်ကိုင်ခြင်း၊ နေအိမ်ခြံဝင်းအတွင်း ခဲလုပ်ငန်းများ လုပ်ကိုင်နေခြင်းတို့ကြောင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ခဲဆိပ်သင့်အန္တရာယ် ပိုမိုဖြစ်စေနိုင်သည်။

နေအိမ်ခြံဝင်းများအတွင်း ခဲနှင့်ပတ်သက်သော လုပ်ငန်းများ တွဲဖက်လုပ်ကိုင်ခြင်းကို ရှောင်ရှားသင့်ပြီး အကယ်၍ လုပ်ဆောင်ကြရပါကလည်း လုပ်ငန်းခွင်ဝတ်စုံများ ဝတ်ဆင်ခြင်း၊ အလုပ်သိမ်းလျှင် ရေချိုးသန့်စင်ခြင်း၊ လုပ်ငန်းခွင်ဝတ်စုံနှင့် နေအိမ်ဝတ်စုံများ ခွဲခြားထားရှိခြင်း၊ ခဲလုပ်ငန်းခွင်အနီးသို့ ကလေးများ မလာရောက်စေခြင်းတို့ဖြင့် ကြိုတင်ကာကွယ်သင့်ပေသည်။

ခဲဆိပ်သင့်သူများသည် ဝမ်းချုပ်ခြင်း၊ သွေးအားနည်းခြင်း၊ ပြင်းထန်စွာဗိုက်နာခြင်း၊ ခံတွင်းပျက်ခြင်း၊ အဆစ်များ နာကျင်ကိုက်ခဲခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများတွင် ရောဂါပြင်းထန်စွာ ခံစားရတတ်ကြောင်း သိရသည်။

ခဲဆိပ်သင့်မှုအန္တရာယ်သည် အသက်အရွယ်မရွေး လူတိုင်းတွေ့ကြုံခံစားရရှိနိုင်သောကြောင့် ခဲသတ္တုနှင့် ဆက်စပ်လုပ်ကိုင်နေသော လုပ်ငန်း၊ အလုပ်ရုံများကို လူနေအိမ်များအတွင်း လုပ်ကိုင်ခြင်းမှ တတ်နိုင်သမျှ ရှောင်ရှားပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သတိပြုဆောင်ရွက်ကြခြင်းဖြင့် ခဲဆိပ်သင့်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လသာမြို့နယ် ဗိုလ်ရွဲလမ်းနေ ကွယ်လွန်သူ ဖခင် ဦးပိန်တိန့်-မိခင် ဒေါ်ရော်ကျင်းအား ရည်စူး၍ သား၊ သမီးများဖြစ်ကြသော ကိုကျော်မြင့်-မသီသီလွင်၊ ကိုမြင့်အောင်၊ မနီလာရွှေ (ရွှေရီမွန်လက်ဖက်အကြော်)၊ ကိုဇော်တင်ဦး၊ မမာလာရွှေ၊ ကိုကျော်မင်းထွန်း မိသားစုတို့က အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၆

မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ (မိုးဃ်းကောင်း) အရှင်စန္ဒိမာဘိဝံသ အရှင်သူမြတ်က မကွေးတိုင်း မင်းဘူး စကုမြို့နယ် ချောင်းဖြူကျေးရွာ အဖွဲ့ခွဲ-၃၀၄ တွင် မတ် ၉ ရက်မှ ၁၅ ရက်အထိ၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာတွင် မတ် ၁၈ ရက်မှ ၂၄ ရက်အထိ၊ ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဆည်ကန်ကျေးရွာတွင် မတ် ၂၇ ရက်မှ ဧပြီ ၅ ရက်အထိ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် မတ် ၆

ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) Micro-Credit Scheme လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများရှင်းလင်းပွဲကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာန ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စန်းရီက ASEAN Micro-Credit အစည်းအဝေး အတွေ့အကြုံများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

မနောရမ္မ နွေရာသီပညာဒါန

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်း (ရှမ်းလမ်း) မြို့နယ်တရားရုံးအနောက် အရှေ့ဉယျာဉ်တိုက်ရှိ မနောရမ္မပညာဒါနကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမိန္ဒ ကြီးမှူး၍ ဆရာ၊ ဆရာမများက နွေရာသီ ပညာဒါနအဖြစ် သင်ကြားပို့ချပေးမည့် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်အခြေခံ အင်္ဂလိပ်၊ တရုတ်စကားပြောသင်တန်းများကို မတ် ၁၀ ရက် (တနင်္လာနေ့) တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက် သင်ယူလိုသူများသည် ဖုန်း-၅၃၇၀၂၆ နှင့် ၅၁၈၀၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၅၉) ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (မတ် ၃၀) ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းသားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အကြံပြုလိုသော အချက်များရှိပါက မတ် ၂၆ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ စာဖြင့်ရေးသား ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် အမက (၁၇)၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ပထမဆုရ မစုစုလဲ့နိုင် (စတုတ္ထတန်း)အား ကျောင်းအုပ်ဆရာကြီး ဦးစံလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာကိုယ်စားလှယ်အဖွဲ့ နီပေါနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂိုင်ယန်ချန်ဒရာအာချာယာ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ နီပေါနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး မတ် ၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ခတ္တမန္ဒူမြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂိုင်ယန်ချန်ဒရာအာချာယာနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူသည် ခတ္တမန္ဒူမြို့ရှိ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ သံရုံးလုပ်ငန်းပိုင်းဆိုင်ရာကိစ္စများကို ရှင်းလင်းမှာကြားပြီး ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုးက နေအိမ်၌ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဂိုင်ယန်ချန်ဒရာအာချာယာက ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးအောင်ခင်စိုး လိုက်ပါလျက် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ်ဆာဟာနာပရာဟန်အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆူဘားဂူရမ်အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁ ရက်တွင် နီပေါနိုင်ငံ တောင်ပိုင်းရှိ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ပြီး မြန်မာရွှေကျောင်းတော်၊ မြတ်စွာဘုရား ဖွားမြင်တော်မူရာဌာနနှင့် အခြားသာသနိက အဆောက်အအုံများသို့ သွားရောက်ဖူးမြော်ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူအား နီပေါ မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ရူဒရာပရာဒါန် ခေါင်းဆောင်သည့် အသင်းဝင်များသည် မတ် ၂ ရက်တွင် ခတ္တမန္ဒူမြို့ရှိ ခေတ္တတည်းခိုရာ Yat & Yeti ဟိုတယ်သို့ လာရောက်၍ တွေ့ဆုံကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နွားထိုးကြီးမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရဆရာတော်များအား ပူဇော်ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းခံရသည့် နွားထိုးကြီးမြို့နယ်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်တစ်ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား ရန်ကုန်မြို့ နွားထိုးကြီးမြို့နယ်သူ၊ မြို့နယ်သားများက စုပေါင်းပူဇော် ဂုဏ်ပြုပွဲကို မတ် ၂၂ရက်၊(စနေနေ့) ညနေ ၄နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်၍ ကြွရောက်ပူဇော်ကြပါရန် နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)က ဖိတ်ကြားထားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မတ် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရှင်နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စံတင်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။ (သတင်းစဉ်)

ကဝ-အရှင်ဝဏ္ဏိသရ ဓမ္မခရီးစဉ်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာ ဖြူးဆရာတော်၏ တပည့်ရွှေကျင် အရှင်သဒ္ဓမ္မနှင့် ကဝ-အရှင်ဝဏ္ဏိသရ အစိုးရဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ၊ ဖြူးမဟာစည်နယ်လှည့်ဓမ္မကထိက အရှင်မြတ်တို့သည် မတ် ၉၊ ၁၀၊ ၁၁၊ ၁၂ရက်တို့တွင် စစ်ကိုင်းတိုင်း ကသာမြို့နယ် ရွာသစ်စံပြကျောင်းတိုက်၌လည်းကောင်း၊ မတ် ၁၃၊ ၁၄၊ ၁၅ရက်တို့တွင် ကသာမြို့နယ် ဖိုးသာအောင် ကျောင်းတိုက်၌လည်းကောင်း၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ရက်တို့တွင် ကသာမြို့နယ် အမှတ်(၂) ရပ်ကွက် မြစေတီ ဘုရားရင်ပြင်၌လည်းကောင်း၊ ၂၀၊ ၂၁၊ ၂၂ရက်တို့တွင် ကသာမြို့နယ် ဒုံးအော့ရွာဦးကျောင်း၌လည်းကောင်း၊ ၃၀ရက်တွင် ကဝမြို့နယ် ကံလှရွာ၌လည်းကောင်း၊ ၃၁ ရက်နှင့် ဧပြီ ၁ ရက်တို့တွင် ကဝမြို့နယ် အောင်ဆုပန်ရွာ ကိုဝင်းရှိန်-မသန်းသန်းဆင့်တို့၏ အလှူဓမ္မသဘင်၌လည်းကောင်း၊ ဧပြီ ၄၊ ၅ရက်တို့တွင် ခရမ်းမြို့နယ် သက္ကာယ်ကုန်းရွာ ကိုအောင်ခိုင်-မအေးသန်းဆွေတို့၏ဓမ္မသဘင်၌လည်းကောင်း ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့လိုက်ပါလျက် မတ် ၅ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ပင်လုံခန်းမရှိ တက္ကသိုလ်နှစ်(၄၀)ပြည့် အထိမ်းအမှတ်ပြခန်း၊ တက္ကသိုလ်ပျိုးဥယျာဉ်၊ တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာကေတမြို့နယ် တံခွန်တိုင်တောရကျောင်းတိုက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀/တောင်(၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော အောင်စေတီတော်၏ (၁၆)ကြိမ်မြောက် အဘိသေကမင်္ဂလာ ဗုဒ္ဓပူဇနိယပွဲတော်နှင့်(၂၃)ကြိမ်မြောက် မဟာပဋ္ဌာန်းဒေသနာတော် ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

(၂၃)ကြိမ်မြောက် ပဋ္ဌာန်းဒေသနာတော် ပူဇော်ပွဲကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၆ရက်မှ ၁၀ရက်အထိ (မတ် ၁၂ရက်မှ ၁၆ရက်အထိ) ငါးရက်ကြာ ကျင်းပမည်ဖြစ်သည်။ ပဋ္ဌာန်းပူဇော်ပွဲဖွင့်ပွဲကို တပေါင်းလဆန်း ၆ရက် နံနက် ၇နာရီတွင်ကျင်းပပြီး ပဋ္ဌာန်းပူဇော်ပွဲ ပိတ်ပွဲနှင့် တရားတော်နာ ရေစက်ချပွဲကို တပေါင်းလဆန်း ၁၀ရက် မွန်းတည့် ၁၂နာရီ၌ ကျင်းပမည်ဖြစ်သည်။

(၁၆)ကြိမ်မြောက် အောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁၀ရက်(မတ် ၁၆ရက်)တနင်္ဂနွေနေ့ နံနက် ၅နာရီတွင် ကျင်းပမည်ဖြစ်ရာ အနေကဇာတင်ခြင်း၊ ဆွမ်းကပ်လှူခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ၌ သီတဂူဓမ္မသဘင်ကျင်းပမည်

နေပြည်တော် မတ် ၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D)သည် မတ် ၁၃ရက်(၁၃၆၉ခုနှစ် တပေါင်းလဆန်း ၇ရက်) (ကြာသပတေးနေ့)နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ ဒေါ်တင်မြ(၁)လမ်း ဒေါ်တင်မြတံတားအနီး ဒေါ်တင်မြဆေးခန်းတိုးချဲ့ဆောက်လုပ်မည့်မြေကွက်လပ်၌ သီတဂူဓမ္မသဘင် (အထူးတရားပွဲ) ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေကန် အရှင်သြဘာသသိရီ၏ ဓမ္မသဘင်များ

ရန်ကုန် မတ် ၆

ဧရာဝတီတိုင်း ကန်ကြီးဒေါင့်မြို့ မဟာသိရိမင်္ဂလာရာမကျောင်းတိုက် နယ်လှည့်ဓမ္မကထိကဆရာတော် ရွှေကန် အရှင်သြဘာသသိရီ အရှင်သူမြတ်သည် မတ် ၇ရက်၊ ၈ရက်တို့တွင် ကန်ကြီးဒေါင့်မြို့နယ် ထိန်တစ်ပင်ရွာ၊ မတ် ၉ရက်၊ ၁၀ရက်တွင် အိမ်မဲမြို့နယ် ယုန်းတောရွာ၊ မတ် ၁၁ရက်၊ ၁၂ရက်တွင် မြောင်းမြမြို့နယ် မြို့ဟောင်းရွာ၊ မတ် ၁၃၊ ၁၄ရက်တွင် မြောင်းမြမြို့နယ် ၄က်ပျောတောရွာ၊ မတ် ၁၅ရက်တွင် မြောင်းမြမြို့နယ် ဒိုးပတ်ရွာ၊ မတ် ၁၆ရက်၊ ၁၇ရက်တွင် အိမ်မဲမြို့နယ် တင်းကုတ်ရွာ၊ မတ် ၁၈ရက်၊ ၁၉ရက်တွင် ကန်ကြီးဒေါင့်မြို့ လောကမှန်ကူ ဗုဒ္ဓပူဇနိယပွဲ၊ မတ် ၂၀ရက်တွင် ကန်ကြီးဒေါင့်မြို့နယ် ပျဉ္ဇငူရွာ၊ မတ် ၂၁ရက်တွင် ကန်ကြီးဒေါင့်မြို့နယ် ကျုံပဒုတ်ရွာ၊ မတ် ၂၂၊ ၂၃၊ ၂၄ ရက်တို့တွင် သာပေါင်းမြို့နယ် ကုန်းလူစုရွာ၊ ဧပြီလ ၃ရက်တွင် သာပေါင်းမြို့နယ် နွယ်နီချောင်းကျေးရွာ ဓမ္မသဘင်တို့၌ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဒလမြို့နယ် ခနောင်ချောင်းဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးလှတင် သက်ပြည့်အငြိမ်းစားယူသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် ကျေးရွာပြည်သူများက ဂါရဝပြုနှုတ်ဆက်ပွဲ ကျင်းပစဉ်။

(မြို့နယ်စာနယ်ဇင်း)

သန်လျင်မြို့အား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် ယာဉ်သွားလာမှုထူထပ်များပြားသော ဗိုလ်ချုပ်နေဝင်းလမ်းထိပ်တွင် အောင်သုခမီးပွိုင့် တပ်ဆင်နေခြင်းကို မတ် ၃ရက်က အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းတို့ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ်၊ မတ်လအတွက်

(၉-၃-၂၀၀၈)ရက်နေ့

နှင့်

(၃၀-၃-၂၀၀၈)ရက်နေ့

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဟောပြော

ရန်ကုန် မတ် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန် တောင်ပိုင်းခရိုင်ရုံး (သန်လျင်)မှ ခရိုင်ဦးစီးမှူး ဦးဆန်းယု (ဦးစီးအရာရှိ)သည် ဖေဖော်ဝါရီ ၂၃ ရက်က ခရိုင်ရုံးသို့ “င”ယာဉ်မောင်းလိုင်စင်ရယူရန် လျှောက်ထားသူ ယာဉ်မောင်း ၂၈ဦးအား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပညာပေး ဟောပြောပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၁၅** ၄။ မဟာဂီတ ချိုကြည်မြ
- **၄:၂၀** ၅။ မျိုးချစ်တပ်မတော်
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၅၀** ၇။ အမျိုးသားရေးတေးကဗျာ
- **၅:၀၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၃၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၄)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ **စေညွှန်ရာလမ်းမများ -တက္ကစီမင်းနှင့် ငြိမ်းချမ်းသော ချစ်ခြင်း၏အသံ**
- ၁၉။ စိုက်ပျိုးသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်ချစ်သူရဲကောင်း (အပိုင်း-၄၀) ဇာတ်သိမ်း**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

အာဖဂန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗန်းပြပြီး နိုင်ငံရေး၊ စီးပွားရေး အမြတ်မထုတ်ရန် အမေရိကန်နှင့် နေတိုးအဖွဲ့အား ရုရှားကသတိပေးပြောကြား

ကဘူး မတ် ၅

အမေရိကန်နှင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိနေရာတွင် အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေးလုပ်ငန်းထက် ဒေသဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်သည့်လုပ်ငန်း မပြုလုပ်ရန် ရုရှားက သတိပေးပြောကြားလိုက်သည်။

နေတိုးတပ်ဖွဲ့ လက်အောက်ရှိ ပြည်ပတပ်ဖွဲ့ဝင် ၅၀၀၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အာဖဂန်တွင် စခန်းချလျက်ရှိသည်။

အာဖဂန်သို့ ရောက်ရှိနေသော အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် နေတိုးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှု တိုက်ဖျက်ရေးလုပ်ရှားမှု မှုဘောင်အတွင်းမှသာ ဆောင်ရွက်သင့်သည်ဟု မိမိတို့အနေဖြင့် ထင်မြင်မိကြောင်း ကဘူးရှိ ရုရှားသံအမတ်ကြီး ဇာမီယာကာဘူလော့ဗ်က ပြောကြားသည်။

၎င်းတပ်ဖွဲ့များက မူဘောင်အတွင်းမှ ဆောင်ရွက်သွားပါက မိမိတို့အနေဖြင့် စိုးရိမ်မကင်းဖြစ်စရာ မရှိကြောင်း၊ သို့ရာတွင် ၎င်းတပ်ဖွဲ့ဝင်များသည် အာဖဂန်နှင့် ဒေသအတွင်း နိုင်ငံရေးနှင့် စီးပွားရေး အမြတ်ထုတ်ရန် ရောက်ရှိလာသည်ဆိုပါက ဧကန်မလွဲ အထူးစိုးရိမ်မကင်းဖြစ်စရာများ ပေါ်ပေါက်လာမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမေရိကန်နှင့်နေတိုးတို့က အာဖဂန်နှင့် ဒေသအတွင်း စီးပွားရေးနှင့် နိုင်ငံရေးအရ အမြတ်ထုတ်ရန် ကြိုးပမ်းမည်ဆိုပါက ရုရှားက တုံ့ပြန်ရမည်ဟု ကာဘူလော့ဗ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ချီလီနိုင်ငံ စန်တီယာဂိုမြို့ အနောက်မြောက်ပိုင်း ပလာဆီယာဒေသတွင်တောမီးလောင်နေသည်ကိုလေယာဉ်ဖြင့် ဆေးဖျန်းငြိမ်းသတ်နေသည်ကို မတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးမည်ဟု ဟားမတ်စ်အဖွဲ့က သန္နိဋ္ဌာန်ချထား

ဂါဇာ မတ် ၅

အစ္စရေးစစ်ဘက်က ဂါဇာကမ်းမြောင်အတွင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပါက ဟားမတ်စ်အုပ်စု တိုက်ခိုက်ရေးတပ်ဆွယ်မှ အက်ဇ်အယ်လ်-ဒင်း အယ်လ်-ကက်ဆမ်က အစ္စရေးတပ်ဖွဲ့ဝင်များကို ပြန်ပေးဆွဲပြီးသတ်ဖြတ်မည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားသည်။ အစ္စရေးတပ်ဖွဲ့၏ ဝင်ရောက်တိုက်ခိုက်မှုကို ကြံ့ကြံ့ခိုင်သည့် လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အယ်လ်-ကက်ဆမ်တပ်ဖွဲ့က အစ္စရေးတပ်ဖွဲ့ဝင် အများအပြားကို ဖမ်းဆီးရန် သန္နိဋ္ဌာန်ချခြင်းဖြစ်သည်ဟု အဆိုပါတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အဘူအိုဘေဒါက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်တိုက်ခိုက်စဉ်အတွင်း ဂါဇာဒေသနေ ပါလက်စတိုင်း ၁၁၀ တို့ကို သတ်ဖြတ်ခဲ့ပြီး နံနက်ပိုင်းတွင် ယင်းဒေသမှ ရုပ်သိမ်းခဲ့သည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်သို့ အလုံးအရင်းဖြင့် ထိုးစစ်ဆင်နွှဲရန် ကြောက်ရွံ့နေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ အသတ်ခံရမည် ဖြစ်ပြီး စစ်ရှုံးမည်ကို စိုးရွံ့သောကြောင့် ဖြစ်ကြောင်း အဘူအိုဘေဒါက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရန်သမ္မတ အီရတ်သို့ အလည်အပတ်ရောက်ရှိချိန် လုံခြုံရေးတိုးမြှင့်ထားသော်လည်း ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် မတ် ၅

အီရန်သမ္မတ မာမွတ်အက်မက်ဒီနီဂျက် အီရတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့်အတွက် မြို့တော်အတွင်း လုံခြုံရေးကို တိုးမြှင့်ချထားသော်လည်း ဘဂ္ဂဒက်မြို့တွင် မတ် ၃ ရက်က ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ ၁၉ ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် အီရတ် လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက ၂၀၀၃ ခုနှစ်တွင် အီရတ်သို့ ကျူးကျော် ဝင်ရောက်ကတည်းက ဒေသဆိုင်ရာ ခေါင်းဆောင်တစ်ဦးအနေဖြင့် ပထမဆုံးအကြိမ် အီရတ်နိုင်ငံသို့ အလည်အပတ် သွားရောက်သည့် အီရန်သမ္မတက ယင်းတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ပြောဆိုခြင်းမရှိကြောင်း အီရတ်နိုင်ငံ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့လယ် ဘက်အယ်လ်မူရာဒမ်ဒေသတွင် အီရတ်တပ်ဖွဲ့များ ကင်းလှည့်နေစဉ် အသေခံကားဗုံးဖြင့် တိုက်ခိုက်မှု ဖြစ်သည်။ ယင်းအဖြစ်အပျက်ကြောင့် ၁၅ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း ဘဂ္ဂဒက်မှတာဝန်ရှိကပြောကြားသည်။

သေဆုံးသူများတွင် အီရတ်တပ်ဖွဲ့ဝင်များ၊ အမေရိကန် ဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့များနှင့် အရပ်သားများ ပါဝင်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ အလားတူ ဘဂ္ဂဒက်မြို့အရှေ့ဘက်ရှိ ဂါဒီယာဒေသတွင် အီရတ်စစ်ဘက် စစ်ဆေးရေးဂိတ်အတွင်းသို့ အသေခံကားဗုံးဖြင့် တိုက်ခိုက်မှု၌ တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် လေးဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသည်။

အမ်အင်အေ၊ရိုက်တာ။

သီရိလင်္ကာ တမီးလ်ကျားစခန်းများအား တိုက်လေယာဉ်ဖြင့် ဗုံးကြဲ၊ ၂၅ ဦးသေဆုံး

ကိုလံဘို မတ် ၅

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းရှိတမီးလ်ကျားသူပုန်စခန်းများကို မတ် ၃ ရက်က တိုက်လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ပြီး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားရာ စစ်သွေးကြွ ၂၂ ဦးထက်မနည်းနှင့် တပ်ဖွဲ့ဝင်သုံးဦးသေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။

သီရိလင်္ကာလေတပ် တိုက်လေယာဉ်များက ယင်းနေ့မွန်းလွဲပိုင်းတွင် မူလီတီဗူဒေသမြောက်ပိုင်း အော့ဒူဆူဒန်အရှေ့မြောက်ဘက် ခြောက်ကီလိုမီတာအကွာ၊ ကူလာမူရစ်မူဒေသရှိ တမီးလ်ကျားသူပုန်များ၏ ဆက်သွယ်ရေးစခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝီလီအိုရာဒေသ အရှေ့မြောက်ဘက်ရှိ ကော့ကူသူဒူဝီဒေသတွင် မတ် ၄ ရက်က မြေပြင်တိုက်ပွဲ ဖြစ်ပွားရာ တမီးလ်ကျားသူပုန် ရှစ်ဦးခန့် သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။ ထိုဖြစ်ရပ်တွင် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ထပ်လောင်း ပြောကြားသည်။

အလားတူ ဗာဘူနီရာမြို့ရှိ ဗီဗတ်ကူလမ်းဒေသတွင် သူပုန်နှစ်ဦး၊ ဝါရီကတ်တာဒေသတွင် သူပုန်တစ်ဦး၊ ကိုဗယ်မာဒူဒေသတွင် သူပုန်ငါးဦး၊ ကယ်လီကူလမ်ဒေသတွင်သူပုန်ခြောက်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ပီတီအိုင်။**

ဂါဇာသို့ အစ္စရေးတပ်ဖွဲ့များ ဝင်ရောက်မှုကို ကန့်ကွက်ဆန္ဒပြနေသော ပါလက်စတိုင်းများအား အစ္စရေးတပ်ဖွဲ့များက မျက်ရည်ယိုဗုံးဖြင့် ပစ်၍ လူစုခွဲနေသည်ကို မတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ရဟတ်ယာဉ်ပျက်ကျ ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၅

အီရတ်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားပြီး ထိုယာဉ်ပေါ်လိုက်ပါသွားသူ ရှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း မတ် ၄ ရက်တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။ ပျက်ကျသည့် ရုရှားနိုင်ငံလုပ် အမ်အိုင်-၁၇ အမျိုးအစားရဟတ်ယာဉ်ပေါ်တွင် အမေရိကန်လုပ်ငန်းရှင်တစ်ဦး ပါဝင်ကြောင်း ၎င်းက ပြောကြားပြီး အီရတ်နိုင်ငံမြောက်ပိုင်းတွင် ပျက်ကျမှုဖြစ်ရခြင်းအကြောင်းရင်းကို စုံစမ်းလျက်ရှိသည်။ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၁၈၀ အကွာရှိ ဘီဂျီဒေသအနီး မတ် ၄ ရက်က ပျက်ကျခဲ့သော ရဟတ်ယာဉ် အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းရဟတ်ယာဉ်သည် ဆာလာဟူဒင်ပြည်နယ်မြောက်ပိုင်း ဆာကတ်ဒေသအနီး၌ မတ် ၃ ရက်က ပျောက်ဆုံးသွားသည်ကို ပထမဖော်ပြခဲ့ကြောင်း အီရတ်လုံခြုံရေး တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဗန်ကောက် မတ် ၅

ထိုင်းနိုင်ငံတောင်ဘက်စွန်းရှိ နာရာသီဝပ်ပြည်နယ်တွင် မတ် ၄ရက် မွန်းလွဲပိုင်းက သောင်းကျန်းသူများ၏ ဗုံးဖောက်ခွဲမှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသည်။

ဒေသစံတော်ချိန် ညနေ ၃နာရီ ၁၀ မိနစ်က တက်ခ်ဘီခရိုင်ရှိ ဘန်ကို့ချ် ဆရီဖန်ဂန်ကျောင်းဝင်းအတွင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ကျောင်းဆရာများ၏ လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ စောင့်ကြပ်နေသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်နှစ်ဦးစလုံးအား အနီးဆုံးဆေးရုံသို့ တင်ပို့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ ကျောင်းကားတိမ်းမှောက်၊ ၂၇ ဦး ဒဏ်ရာရ

ဝါရှင်တန် မတ် ၅

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် ကျောင်းသူ၊ ကျောင်းသား ၂၇ ဦး တင်ဆောင်လာသော ဘတ်စ်ကားတစ်စီး တနင်္လာနေ့ နံနက်ပိုင်းက တိမ်းမှောက်မှုဖြစ်ပွားရာ လိုက်ပါသူ အားလုံးဒဏ်ရာရရှိသွားကြောင်း ပြည်တွင်းရုပ်မြင်သံကြားလိုင်းတစ်ခုက ကြေညာသွားသည်။

ကားက ချဲရိုကီခရိုင်အတွင်း၌ရှိသော ကျောင်းနှစ်ကျောင်းဆီသို့ သွားနေစဉ် အတ္တလန္တာ၏ မြောက်ဘက် ၂၂ကီလိုမီတာနီးပါးသို့အရောက် ယာဉ်မောင်းက ကားကိုမထိန်းသဖြင့် တိမ်းမှောက်သွားရခြင်းဖြစ်သည်ဟု အာဏာပိုင်တို့က ဒဗလျူအက်စ်ဘီတီဗွီသို့ ပြောကြားသည်။

ပဏာမစုံစမ်းစစ်ဆေးမှုပြုရာတွင် ဘတ်စ်ကား၏ ညာဘက် တာယာများက ပလက်ဖောင်းပေါ်သို့ ကျွတ်ထွက်သွားရာ ယာဉ်မောင်းက အစိုးရိမ်လွန်သည့်အတွက် မှောက်သွားရခြင်းဖြစ်သည်ဟု တွေ့ရှိရကြောင်း ခရိုင်ရဲအရာရှိတစ်ဦးက သတင်းထောက်များကို ပြောကြားသည်။

သို့သော် ကျောင်းသူ၊ ကျောင်းသား ၂၇ ဦးစလုံး ဒဏ်ရာပြင်းထန်ခြင်းမရှိဟု တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂရိကျွန်းအနောက်ပိုင်းတွင် လမ်းဖောက်လုပ်ရာမှ တူးဖော်တွေ့ရှိရသော ရှေးနှစ်ပေါင်း ၃၀၀၀ ခန့်က အုတ်ဂူဟောင်းကို မတ် ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

နိုင်ငံတကာသတင်းများ

အကြိုအခြေခံ သမ္မတလောင်းရွေးပွဲတွင် ဟီလာရီကလင်တန် ခေါင်းပြန်ထောင်လာနိုင်

ဝါရှင်တန် မတ် ၆

ဒီမိုကရက်ပါတီတွင်း အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် ဟီလာရီ ကလင်တန်သည် အခြေမလှ သကဲ့သို့ ရှိနေခဲ့ရာမှ မတ် ၄ ရက်က ကျင်းပသော ရွေးချယ်ပွဲတွင် အိုဟိုင်းယိုးနှင့် တက္ကဆက်နယ်တို့၌ ပြန်လည် အနိုင်ရရှိလာပြန်သည်။ ထိုအခြေအနေကြောင့် ဒီမိုကရက်ပါတီတွင် သမ္မတလောင်းအဖြစ် အရွေးချယ်ခံရရန် ယှဉ်ပြိုင်သူ ဘာရက်အိုဘားမားနှင့် ကလင်တန်တို့ပွဲမှာ မပြတ်သေးဘဲ ခရီးဆက်ရဦးမည်ဖြစ်သည်။

ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းမှာမူ ပါတီတွင်း၌ သမ္မတလောင်းအဖြစ် ပြတ်ပြတ်သားသား အသိအမှတ်ပြုခံလိုက်ရပြီဖြစ်သည်။ သို့ဖြစ်သည့်အတွက် ၎င်းအနေဖြင့် နိုဝင်ဘာလ သမ္မတရွေးပွဲအတွက် ပြင်ဆင်ရန်သာ ရှိတော့သည်။

ပြန်လည်ရောက်ရှိ

ကလင်တန်နှင့် ပတ်သက်၍ လူအများက ခန့်မှန်းကြရာတွင် သူမသည် အိုဟိုင်းယိုးနှင့် တက္ကဆက်တွင် ရှုံးနိမ့်ခဲ့ပြီး ဒီမိုကရက်ပါတီတွင်း သမ္မတလောင်းရွေးပွဲမှ နုတ်ထွက်ရလိမ့်မည်ဟု ရှုမြင်ထားကြသည်။ သို့သော် လက်တွေ့တွင် ကလင်တန်က အနိုင်ရရှိလိုက်သဖြင့် သမ္မတလောင်းပြိုင်ပွဲ၌ အသက်ဆက်နိုင်သည့် အခြေအနေ ပြန်လည်ရောက်ရှိသွားသည်။

ယခုတစ်ကြိမ်ပါနှင့်ဆိုလျှင် ကလင်တန်သည် ရှုံးတော့မည်ကဲ့သို့ အခြေအနေရောက်ပြီးမှ ပြန်လည်ရုန်းထလာနိုင်သည်မှာ သုံးချီသုံးလား ရှိသွားပြီဖြစ်သည်။ အိုင်အိုဝါတွင် သူမရှုံးနိမ့်ပြီးနောက် နယူးဟမ်ရှိုင်းယားတွင် ကလင်တန် ပြန်လည်အနိုင်ရလိုက်ပြန်သည်။ ယခုလည်း မဲဆန္ဒနယ် ၁၁ နယ်တွင် ဆက်တိုက်ရှုံးလာခဲ့ပြီးမှ မဲဆန္ဒနယ်ကြီး နှစ်ခုဖြစ်သော အိုဟိုင်းယိုးနှင့် တက္ကဆက်တွင် ပြန်အနိုင်ရသည့်အတွက် ခေါင်းပြန်၍ ထောင်နိုင်လိုက်ခြင်းဖြစ်သည်။

ဒီမိုကရက် ပါတီအတွင်း၌ သမ္မတလောင်းအဖြစ် အမည်စာရင်းသတ်မှတ်ခံရရန် ကိုယ်စားလှယ်မဲ ၂၀၂၅ မဲရရှိရန် လိုအပ်သည်။ မတ် ၄ ရက်မတိုင်မီ အချိန်အထိ အိုဘားမားက ကိုယ်စားလှယ်မဲ ၁၁၉၄ မဲ ရရှိထားပြီး ကလင်တန်က ကိုယ်စားလှယ် မဲ ၁၀၃၉ မဲ ရရှိထားသည်။

၎င်းတို့နှစ်ဦးသည် သမ္မတလောင်းအဖြစ် အမည်စာရင်းသတ်မှတ်ခံရရန် ကျန်ရှိသော မဲရွေးပွဲများတွင် ဆက်လက်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မတ် ၄ရက်က ဒီမိုကရက်တစ်ပါတီအတွင်း အကြို အခြေခံသမ္မတလောင်းရွေးပွဲတွင်ဟီလာရီကလင်တန်အား အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်တို့၌ အနိုင်ရရှိပြီးနောက် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စရေးလူနေရပ်ကွက်များအား ဒုံးကျည်ဖြင့်ပစ်ခတ်မှု လျော့သွားရန် အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်မှုဆက်လုပ်ရန် ဝန်ကြီးချုပ် အိုးလ်မတ် ပြောကြား

ဂျေရုဆလင် မတ် ၆

အစ္စရေးစစ်ဘက်က "အော်ပရေးရှင်းဟော့ဝင်းတား" (ဆောင်းရာသီစစ်ဆင်ရေး) စစ်ဆင်ရေး ပထမအဆင့် ပြီးမြောက်သွားခဲ့ပြီဖြစ်သည်။ အစ္စရေးတို့အား ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်သည့် ပါလက်စတိုင်း စစ်သွေးကြွများအား အစ္စရေးတပ်ဖွဲ့က နောက်ထပ်စစ်ရေးအရ တိုက်ခိုက်ရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုးလ်မတ်က တနင်္လာနေ့တွင် ပြောကြားသည်။

အစ္စရေးအနေဖြင့် စစ်ရေးအရ တိုက်ခိုက်ရမည့် အခြေအနေတွင် ရောက်ရှိနေပြီဖြစ်ကြောင်း အိုးလ်မတ်၏ ပြောကြားချက်ကို ကိုးကား၍ ဟာရက်ဇ် သတင်းစာက ရေးသားသည်။

မိမိတို့၏ ရည်ရွယ်ချက်မှာ ရော့ကက်ဒုံးကျည် ပစ်ခတ်မှု လျော့နည်းသွားစေရန်နှင့် ဟားမတ်စ်အဖွဲ့အားနည်းစေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းမှ တိုက်ခိုက်မှုနှင့် အထူးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်ရန် ကိစ္စသည် ဖြစ်နိုင်ဖွယ်ရာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မျှော်မှန်းသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အိုးလ်မတ်က ပြောကြားသည်။

အမေရိကန်က ဂါဇာကမ်းမြောင်ဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှု အဆုံးသတ်စေရန်နှင့် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် မေတ္တာရပ်ခံပြီးနောက် အစ္စရေးက ၎င်း၏တပ်ဖွဲ့များကို ရုပ်သိမ်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးစစ်ဘက်ယာဉ်တစ်စီး ဒုံးကျည်ထိမှန်ကာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီးနောက် ဂါဇာတွင် တိုက်ခိုက်ရေးအတွက် ပြင်ဆင်နေသော အစ္စရေးတပ်ဖွဲ့ဝင် အချို့ကို မတ် ၅ ရက်က တွေ့ရစဉ်။ *(အင်တာနက်)*

အီရတ်မြောက်ပိုင်းရှိ ပီကေကေစခန်းများ တူရကီဗုံးကြဲ

အန်ကာရာ မတ် ၆

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်အလုပ်သမားပါတီ(ပီကေကေ) ခွဲထွက်ရေး သူပုန်များ၏ စခန်းများကို တူရကီစစ်လေယာဉ်များက ဗုဒ္ဓဟူးနေ့တွင် ဗုံးကြဲတိုက်ခိုက်ကြောင်း အီရတ်ကာ့ဒ်အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်း အန်တီဗွီရုပ်မြင်သံကြားလိုင်းက ကြေညာသွားသည်။

တူရကီ-အီရတ်နယ်စပ်၏ တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသော စိုင်ဒီကန်ဒေသကို တူရကီလေတပ်မှ ဗုဒ္ဓဟူးနေ့၌ ဗုံးကြဲကြောင်း သတင်းတွင်ဖော်ပြသည်။

ပီကေကေ ပြောရေးဆိုခွင့်ရှိသူ အာဗက်ဒါနစ်က ဗုဒ္ဓဟူးနေ့ နံနက် ၃ နာရီတွင် စတင်တိုက်ခိုက်ကြောင်း အတည်ပြုပြောကြားပြီး အာဘီလ်ပြည်နယ် ဇက်စ်ဂါတောင်ကြားဒေသကို ဆက်လက်တိုက်ရာတွင် အပျက်အစီးနှင့် အသေအပျောက်သတင်း မရရှိကြောင်း ပြောကြားသည်။

တူရကီစစ်ဘက်ကမူ ထိုသတင်းများကို အတည်ပြုပြောကြားခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာနိုင်ငံ နယ်စပ်အနီးတွင် လုံခြုံရေးဆောင်ရွက်နေသော ဗင်နီဇွဲလားတပ်ဖွဲ့ဝင်တစ်ဦးကို မတ် ၅ ရက်က တွေ့ရစဉ်။

ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ ရေဒီယိုဓာတ်သတ္တုကြွဗုံး ထုတ်လုပ်ရန်ကြံစည်

ဂျီနီဗာ မတ် ၆

ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေအာစီ) သောင်းကျန်း သူများက ရေဒီယိုဓာတ်သတ္တုကြွပစ္စည်းပါသည့် ဗုံးပြုလုပ်ရန် စီစဉ်နေလျက်ရှိရာ လက်တင်အမေရိကတစ်ခုလုံးအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေကြောင်း ကိုလံဘီယာက အင်္ဂါနေ့က ပြောကြားသည်။

ကိုလံဘီယာ ဒုတိယသမ္မတ ဖရန်စစ္စကိုဆန်တို့စ်က ကုလသမဂ္ဂက ကြီးမှူးကျင်းပသည့် လက်နက်ဖျက်သိမ်းရေး ညီလာခံတွင် ဖော်ပြပါအတိုင်း စွပ်စွဲပြောကြားလိုက် ခြင်းဖြစ်သည်။

ကိုလံဘီယာ အစိုးရတပ်ဖွဲ့ဝင်များက အီကွေဒေါနိုင်ငံအတွင်း ဝင်ရောက်ပြီး ထိပ်တန်းတပ်မှူး သောင်းကျန်းသူဖြစ်သည့် ရောရီယိစ်ကို သတ်ဖြတ်ခဲ့ပြီးနောက် ဗင်နီဇွဲလား သမ္မတ ချာဗက်ဇ်သည် အက်ဖ်အေအာစီအား ငွေကြေးထောက်ပံ့ခဲ့သည်ဟု ကိုလံဘီယာအစိုးရက စွပ်စွဲသည်။

အက်ဖ်အေအာစီတပ်မှူး ရောရီယိစ်နှင့်အတူ ကွန်ပျူတာနှစ်လုံးကို တွေ့ရှိခဲ့ရာ ယင်းမှ အချက်အလက်များကို အမျိုးသားရဲတပ်ဖွဲ့က အစီရင်ခံစာတစ်စောင်အဖြစ် တင်သွင်းခဲ့သည်ဟု ဆန်တို့စ်က ပြောကြားသည်။

ယင်းအချက်အလက်များတွင် အက်ဖ်အေအာစီက ရေဒီယိုဓာတ်သတ္တုကြွပစ္စည်းရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ယင်းပစ္စည်းသည် ဖျက်အားပြင်း လက်နက်များထုတ်လုပ်ရန်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် အသုံးပြုရန် ဖြစ်သည်ဟု ဆန်တို့စ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အိန္ဒိယနိုင်ငံ ဟိုက်ဒြာဘတ် ဈေးအတွင်း သစ်သီးဈေးတန်း တစ်နေရာကို မတ် ၄ ရက်က တွေ့ရစဉ်။ *(အင်တာနက်)*



အနောက်ပိုင်းကွန်ဂိုတွင် အဓိကရုဏ်းဖြစ်၊ အနည်းဆုံး ၂၂ဦး သေဆုံး

ကင်ရှာဆာ မတ် ၆

ကွန်ဂိုနိုင်ငံမှ ခွဲထွက်ရေးသမားများနှင့် ကွန်ဂို ရဲတပ်ဖွဲ့ဝင်များအကြား မတ်လဆန်းမှစ၍ ငါးရက်ကြာ အဓိကရုဏ်းများ နိုင်ငံ၏အနောက်ပိုင်း ဘတ်စ်-ကွန်ဂိုဒေသ၌ဖြစ်ပွားရာ အနည်းဆုံး ၂၂ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ခွဲထွက်ရေးသမားများမှာ ဘန်ဒူဒိုင်းကွန်ဂိုအဖွဲ့(ဘီဒီကေ)မှ အဖွဲ့ဝင်များဖြစ်သည်။ ၎င်းတို့အဖွဲ့နှင့် ရဲတပ်ဖွဲ့ဝင် ရာပေါင်းများစွာတို့သည် လျူအိုဇီမြို့၌ ထိပ်တိုက်ရင်ဆိုင်ခဲ့ကြခြင်းဖြစ်သည်။ ထိုမြို့သည် မြို့တော်ကင်ရှာဆာ၏ အနောက်ပိုင်း ၁၂၅ မိုင်အကွာတွင် တည်ရှိသည်။

ဘီဒီကေအဖွဲ့သည် ကိုလိုနီခေတ်မတိုင်မီက ရှိခဲ့သော နယ်မြေအတိုင်း ပိုင်ဆိုင်သည့် ကွန်ဂိုဘုရင့်နိုင်ငံ ထူထောင်ရန် ကြိုးပမ်းနေသော အဖွဲ့ဖြစ်သည်။ ထိုနယ်မြေအတိုင်းဆိုပါက အင်ဂိုလာ၊ ဒီမိုကရက်တစ်ကွန်ဂို၊ ရီပတ်ဘလစ်ကွန်ဂိုနှင့် ဂါဘွန်နိုင်ငံ ပိုင်နက်နယ်မြေများပါဝင်သော ဒေသကို ဆိုလိုခြင်းဖြစ်သည်။

ဖော်ပြပါပဋိပက္ခကြောင့် ၂၂ဦးသေဆုံးရကြောင်း ဆေးရုံမှအရာရှိများနှင့် ဘတ်စ်-ကွန်ဂိုဒေသ အုပ်ချုပ်ရေးမှူး ဆီမွန်အမ်ဘတ်ရှီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြားလေသွေးလို့ အဝေးမခံသင့်ပါ

ကျော်မင်းအေး

မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ ပါဝင်လျှောက်လှမ်းလာခဲ့ရတာ နှစ်ပေါင်း ၅၀ ကျော် ၆၀ နီးပါးရှိခဲ့ပါပြီ။ ကိုလိုနီနယ်ချဲ့စနစ်ဆိုးနဲ့ ဖက်ဆစ်ဓားမိုးတာ ခံခဲ့ရတဲ့ ကာလတွေကို ကိုယ်တိုင်နဖူးတွေ့ ဒူးတွေ့ မကြုံခဲ့ရပေမယ့် အဲဒီဒဏ်ရာဒဏ်ချက်တွေကြောင့် တိုင်းပြည်ဟာ ပြာပုံထဲက ရုန်းထခဲ့ရတယ်။ နယ်ချဲ့ပဃောဂနဲ့ ပြည်ပအားကိုးတဲ့ ဝါဒရေးရာ၊ လူမျိုးရေးရာ အစွန်းရောက်သမားတွေရဲ့ လက်နက်ကိုင်သောင်းကျန်းမှုလမ်းစဉ်ကြောင့် တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် ဖြစ်ခဲ့ရပြန်တယ်။

စစ်မီးတောက် မီးလျှံတွေကြားက နာလန်မထူနိုင်တဲ့ ပြည်သူလူထုရဲ့ ဘဝခရီးကြမ်းမှာ စတင်ဖြတ်သန်းရင်း လူလားမြောက်ခဲ့ရတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ရဲ့ မဲဆွယ် မဲဝယ်မှုတွေကို ကလေးဘဝမှာ စတင်ကြုံတွေ့ခဲ့ရတယ်။ ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့အတူ လက်ဝဲစာအုပ်စာပေတွေကို မြည်းစမ်းခဲ့ဖူးတယ်။ တချို့လည်း အယူအဆလွဲမှားပြီး ဘဝပျက်ခဲ့ကြတာ တွေ့ရတယ်။

၁၉၆၂ ခုနှစ်မှာ တပ်မတော်က တော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီး နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ကြောင်း ကြားသိရတယ်။ ပုပ္ပား၊ ဒူးယား၊ ခပေါင်း၊ အုန်းတော စတဲ့ တောင်သူလယ်သမားကြီးတွေနဲ့ ဒူးတိုက်ဆွေးနွေးပွဲ မြင်ကွင်းသတင်းတွေကို ရှေ့သို့စာစောင်မှာဖတ်ရတော့ ဝမ်းသာအားရဖြစ်ခဲ့ဖူးတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်လို့ တောတွင်းကို ပြန်ဝင်သွားတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ဗဟို ကော်မတီဝင်တွေရဲ့ နောက်ကျောကနေ ရိုက်ထားတဲ့ ဓာတ်ပုံကို ရှေ့သို့ စာစောင်မျက်နှာဖုံးမှာ တွေ့မြင်ရချိန်မှာ ဘာမှန်းမသိဘဲ ရင်ထဲမှာ နာကျင်ခဲ့ရတယ်။

စစ်အေးတိုက်ပွဲကာလရဲ့ စင်တိုး၊ ဆီးတိုး၊ နေတိုး၊ ဝါဆောစစ် အုပ်စုဆိုတဲ့ ဝေါဟာရတွေ၊ သတင်းတွေကိုလည်း တစ်စွန်းတစ်စ သိလာရတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ လူဖြစ်ခဲ့ရတယ် ဆိုပါတော့။ အခါသင့် အခွင့်သာလို့ စာပေလေ့လာဖတ်ရှုမှု ဝါသနာထုံခဲ့တယ်။ သူ့ကျွန်မခံပြီ၊ မြန်မာပြည်သား၊ စစ်အတွင်းခရီးသည်၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ ဘုံဘဝမှာဖြင့် စတဲ့ စာအုပ်တွေ၊ သမိုင်းမှတ်တမ်းတွေထဲကနေ မိမိမမွေးဖွားခင်က မြန်မာပြည်သူတွေရဲ့ဘဝကို တစ်စွန်းတစ်စ သိလာရတယ်။ တိုင်းပြည်ကိုချစ်တဲ့ စိတ်တွေ၊ လူမျိုးကို တိုးတက်စေချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာခဲ့တယ်။

သခင်သန်းထွန်း၏ နောက်ဆုံးနေ့များနဲ့ ဇင်ချစ်နောက်ဆုံးနှစ် စာအုပ်တွေကြောင့် ဗကပရဲ့ ဖြုတ်ထုတ်သတ်လမ်းစဉ်ကို အော့နှလုံးနာခဲ့တယ်။ ပြည်သူ့စစ် ဒို့စစ် ဒို့စစ် စာအုပ်ကိုဖတ်ရပြီး ပြည်တွင်းအားဟာ ပြည်တွင်းမှာသာရှိကြောင်း သိလာရတယ်။ အားတက်ခဲ့ရတယ်။

ကွမ်းလုံရက်လေးဆယ်တိုက်ပွဲ၊ပွိုင့် ၆၀၄၁ တိုက်ပွဲ သတင်းတွေကြားရပြန်တော့ မခံချင်စိတ်တွေ ပေါ်ပေါက်လာခဲ့တယ်။ ဒီလိုနဲ့ တပ်မတော်သားဘဝကို မြတ်နိုးအားကျခဲ့တယ်။ ဝန်ထမ်းဖြစ်လာချိန်မှာ ပြည်သူကို အလုပ်အကျွေးပြုရမယ်၊ ပြည်သူလူထုအပေါ် ရေလို လလို ကျင့်ရမယ်ဆိုတဲ့ သွန်သင်ညွှန်ပြမှုတွေကို မြေဝယ်မကျ လိုက်နာကျင့်သုံးခဲ့တယ်။ တောင်ပေါ်မြေပြန့် ခြေဆန့်ခဲ့ရတာမို့ ဒေသခံတိုင်းရင်းသားတွေရဲ့ဘဝကို နားလည်စာနာခဲ့ရတယ်။ သူတို့ရဲ့ ရိုးသားဖြူစင်မှုကို တန်ဖိုးထားခဲ့တယ်။ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်ဆိုတဲ့ ဆောင်ပုဒ်ရဲ့ အနက်အဓိပ္ပာယ်ကို ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ခဲ့တယ်။

နိုင်ငံတကာရေးရာတွေ၊ နိုင်ငံရေးသိပ္ပံတွေ၊ စစ်မှုရေးရာတွေ လေ့လာဖတ်ရှုခဲ့ဖူးတယ်။ ကမ္ဘာစစ်ပွဲကြီးတွေ၊ ဒေသဆိုင်ရာစစ်ပွဲတွေကို အကဲဖြတ်သုံးသပ်ကြည့်ဖူးတယ်။ တကယ်တော့ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြတာပါလားလို့ သိလာခဲ့ရတယ်။ အယူဝါဒရေးရာ ကွဲပြားမှုတွေကြောင့် ကိုယ့်လူမျိုးအချင်းချင်း တိုက်ခိုက်နေရတာတွေကို သိမြင်လာရတယ်။ ဒါပေမယ့် တစ်ဖက်က စစ်ရေးနည်းလမ်း ကျင့်သုံးလာတာကို ခေါင်းငုံ့ခံနေလို့ မရနိုင်ဘူး။ စစ်ရေးကို စစ်ရေးနည်းနဲ့ဖြေရှင်းနိုင်မှ အမိမြေကို ကာကွယ်နိုင်မယ်ဆိုတဲ့ အယူအဆဟာ ပိုပြီး ခိုင်မာလာတယ်။ နိုင်ငံတော်ကာကွယ်ရေးရဲ့သဘောကို စောကြောသိမြင်လာခဲ့တယ်။

CIA ရဲ့ ကြိုးကိုင်မှုနဲ့ မြန်မာ့မြေပေါ်ကို ကျူးကျော်ဝင်ရောက်လာတဲ့ ကူမင်တန်တပ်တွေရဲ့ ခြေလှမ်းဟာ ဘယ်လောက်ထိ အလှမ်းကျယ်ခဲ့သလဲ ဆိုတာ ပြန်လည်သုံးသပ်မိတယ်။ တရုတ်ဖြူ ကူမင်တန်၊ ရွှေတြိဂံ နယ်မြေနဲ့ ဘိန်းဖြူသံသရာ စာအုပ်ကြောင့် မူးယစ်ဆေးဝါး ပြဿနာရဲ့ တရားခံကို သိခဲ့ရတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး အရေးကြီးပုံကို ပိုပြီး သုံးသပ်ဆင်ခြင်နိုင်ခဲ့တယ်။

၁၉၈၈ခုနှစ် အရေးအခင်းရဲ့ အနိဋ္ဌာရုံတွေကို တစ်စွန်းတစ်စသာ ကြုံခဲ့ပေမယ့် သမိုင်းရေစီး လှိုင်းကြီးလေထန် ဖြစ်ရပ်မှန် မှတ်တမ်းတွေက တစ်ဆင့် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်။ တပ်မတော်က အချိန်မီဝင်မထိန်းရင် စစ်မီးမငြိမ်း မြက်ခင်းမစိမ်းနိုင်သည့် မြေဖြစ်ရတော့မှာပါလားလို့ ပြန်တွေးပြီး စိုးရိမ်ပူပန်ခဲ့တယ်။ အရေးအခင်းကာလမှာ အမေရိကန် ရေတပ်စစ်သင်္ဘောအုပ်စုတစ်စု မြန်မာ့ရေပိုင်နက်ထဲကို မဆီမဆိုင် ဝင်ရောက်ခဲ့တယ်ဆိုတာ ကြားသိရတော့ ဒေါသဖြစ်ခဲ့တယ်။

ပါပီမရုပ်ရှင်ကို ကြည့်ရပြန်တော့ မိသားစုစိတ်ဓာတ်နဲ့ ကြေကွဲခဲ့ရတယ်။ လက်ဝဲလက်ယာ အဖျက်သမားတွေရဲ့ သွေးထိုးလှုံ့ဆော်မှုကြောင့် နယ်စပ်ကို ရောက်သွားတဲ့ ကျောင်းသား၊ ကျောင်းသူတွေ တပ်မတော်ရဲ့ ဖိတ်ခေါ်မှုကြောင့် အမိမြေရင်ခွင်ကို ပြန်လည်ဝင်ရောက်လာကြတော့ ဝမ်းသာအားရ ဖြစ်ရပြန်တယ်။ လေယာဉ်ပေါ်ကအဆင်း မိဘဆွေမျိုးတွေနဲ့ အတွေ့မှာ ရှိုက်ကြီးတငင်ငိုယို နေကြပုံတွေဟာ ဝမ်းနည်းဝမ်းသာလွမ်းစရာ မြင်ကွင်းတွေပါ။

နာစရာရှိရင် လွမ်းစရာနဲ့ ဖြေရမယ်တဲ့။ သွေးက စကားပြောလာလို့ တရားဥပဒေဘောင်အတွင်းကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ဝင်ရောက်လာတဲ့ သတင်းနဲ့မြင်ကွင်းတွေဟာ အားလုံးလွမ်းစရာတွေပါပဲ။ နယ်စပ်ဒေသတွေမှာ သေနတ်သံ၊ ဗုံးသံတွေ၊ အော်ဟစ်ငိုကြွေးသံတွေ တဖြည်းဖြည်း ပပျောက်ကင်းစင်လာတယ်။ ခေါင်းလောင်းသံနဲ့ စာအံသံတွေ ကြားလာရတယ်။ စိတ်ချမ်းမြေ့စရာတွေပါပဲ။

အရင်က ရေတစ်တန်၊ ကုန်းတစ်တန်သွားရတဲ့ လမ်းခရီးတွေမှာ တံတားကြီးတွေ အစီအရီ ပေါ်ပေါက်လာခဲ့တယ်။ ဆန်ရေစပါး ပေါများလာတယ်။ အထပ်မြင့် တိုက်ကြီးတာကြီးတွေ တည်ဆောက်လာကြတယ်။ သွားရေးလာရေး အရင်ကထက် ပိုပြီးအဆင်ပြေလာတယ်။ ရောင်းဝယ်ဖောက်ကားမှုတွေ ပိုမိုများပြားလာတယ်။ လူနေမှုစနစ်တွေ ပိုမိုထွေပြားကျယ်ပြန့်လာတယ်။ ဆရာသော်တာဆွေက သူ့ကိုယ်တွေ့ဘဝနဲ့ယှဉ်ပြီး ကျေးလက်တောရွာကနေ မြို့ကြီးပြကြီးရောက်လာတော့ လူနေမှုဘဝဟာ အရင်ကျဉ်းကျဉ်းလေးရှိရာကနေ ပိုပြီးကျယ်ပြန့်လာတယ်။ ပိုပြီးကျယ်ပြန့်လာလေလေ အနေကျဉ်းမြောင်း လာလေလေဆိုတဲ့ သဘောကို ဝတ္ထုတစ်ပုဒ်မှာ ရေးသားဖော်ပြခဲ့ဖူးတယ်။

နိုင်ငံရပ်ခြားကို ရောက်ဖူးသူတွေက သူတို့ရဲ့တွေ့ကြုံသမျှကို ရေးပြလေ့ရှိကြတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို မြန်မာနိုင်ငံထက် နှစ်ပေါင်း ၂၀ ကျော် ၃၀ စောပြီး ကျင့်သုံးနိုင်ခဲ့ကြလို့ ခေတ်မီဖွံ့ဖြိုး တိုးတက်နေကြပုံတွေ၊ မြို့ကြီးပြကြီးတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီနိုင်ငံသားတွေရဲ့ဘဝဟာ စားသုတ်သုတ်၊ သွားသုတ်သုတ် အားထုတ်အလုပ်လုပ်နေရပုံတွေကိုလည်း ဖတ်ရှုသိလာရတယ်။ ဒီမိုကရေစီစနစ် ကျင့်သုံးမှုနဲ့အတူ ကိုယ်စီကိုယ်င စည်းကမ်းလိုက်နာကြတာတွေကိုလည်း သဘောပေါက်ခဲ့တယ်။ ဒါဟာ ဖူးရာမှငုံ၊ ငုံရာမှပွင့် အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲလာတဲ့ သာဓကတွေပဲလို့ သိမြင်လာရတယ်။ မြန်မာနိုင်ငံမှာလည်း ဆင့်ကဲ ဖြစ်ပေါ် ပြောင်းလဲ တိုးတက်လာမှုအရ အဲဒီအဆင့်တွေကို ရောက်ရမည်မှာ မလွဲပါ။

တချို့နိုင်ငံတွေမှာတော့ အသေခံဗုံးခွဲတိုက်ခိုက်မှုတွေ၊ ဒေသစွဲလူမျိုးစွဲ အစွဲအလမ်း အာဃာတကြီးမားစွာနဲ့ တိုက်ခိုက်နေကြတာတွေ၊ အာဏာခွဲဝေမှုပြဿနာတွေ၊ စားနပ်ရိက္ခာ မလုံလောက်မှုတွေ ရှိနေကြတာကို ရုပ်မြင်သတင်းနဲ့ စာနယ်ဇင်းတွေမှာ ဖတ်ရှုရပြန်တော့ အမိမြေဟာ ပတိရူပဒေသပါလားလို့ နှစ်သိမ့်မိပြန်တယ်။ စည်းလုံးညီညွတ်မှု ဖြိုခွဲခံရလို့ ပြိုကွဲသွားတဲ့ ပြည်ထောင်စုနိုင်ငံအချို့ရဲ့ ဖြစ်ပုံပျက်ပုံအလုံးစုံကို သိလာရလို့ ရှေးကထက် ပိုချစ်ကြဖို့၊ ပိုပြီး ညီညွတ်ကြဖို့ တိုက်တွန်းနှိုးဆော်ချင်လာပြန်တယ်။

အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှာ အားလုံးတိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်းနဲ့ ကျင်းပနိုင်ခဲ့လို့ တစ်ပြည်လုံးဝမ်းသာအားရ ဖြစ်ခဲ့ကြတာ မှတ်မိနေပါသေးတယ်။ ၁၉၉၆ ခုနှစ်မှာ အမျိုးသားညီလာခံ ရပ်ဆိုင်းသွားတော့ ရင်ထုမနာ ဖြစ်ခဲ့ရပြန်တယ်။ ရွှေပြည်တော် မျှော်တိုင်းဝေးဝတ္ထုဇာတ်လမ်းအတိုင်း ဖြစ်လာမှာကို ပူပန်မိခဲ့တယ်။ ၂၀၀၄ ခုနှစ်မှာ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပတော့ နိုင်ငံရေးအရ ပိုမိုနိုးကြားတက်ကြွလာခဲ့ပြန်တယ်။

အဲဒီကာလတွေမှာ ကမ္ဘာ့အေး မဟာပါသာဏလိုဏ်ဂူတော်အတွင်း ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲမှာ ဗုံးဖောက်ခွဲတာတွေ၊ ရန်ကုန်မြို့ စူပါမားကက် သုံးခုမှာ တစ်ပြိုင်တည်း ဗုံးဖောက်ခွဲတာတွေ ကျူးလွန်လာပြန်တော့ ကြေကွဲဒေါသဖြစ်ရပြန်တယ်။ ၂၀၀၁ခုနှစ် စက်တင်ဘာလမှာ နယူးယောက်က မျှော်စင်ညီနောင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုခံရတဲ့ သတင်းကြောင့်လည်း ဂလိုဘယ်လိုက်ဇေးရှင်းနဲ့အတူ အကြမ်းဖက် အဖျက်သမားတွေဟာ နယ်စည်းမခြားတော့ပါလားလို့ သိမြင်လာရတယ်။

ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ ဘယ်လူမျိုးမှ အငြိုးအတေးနဲ့ တိုက်ခိုက်တာကို မခံချင်ကြပါဘူး။ ချစ်စကို ရှည်စေပြီး မုန်းစကို တိုစေချင်ကြသူတွေချည်းပါပဲ။ ဘာသာတရားအားလုံးကလည်း မကောင်းမှုဟူသမျှကို ရှောင်ရှားဖို့၊ မေတ္တာတရားရှေ့ထားဖို့ သွန်သင်ဆုံးမခဲ့တာ ဟိုးနှစ်ပေါင်း ထောင်ချီကတည်းကပါ။ ဒါပေမယ့် ကိုယ့်နိုင်ငံမှ နိုင်ငံ၊ ကိုယ့်လူမျိုးမှ လူမျိုးဆိုတဲ့ ဒေသစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲတွေ၊ ကိုယ့်ဝါဒမှဝါဒ၊ ကိုယ့်ပါတီမှ ပါတီဆိုတဲ့ ဝါဒစွဲ၊ ပါတီစွဲတွေ ကြီးစိုးနေသမျှ ကာလပတ်လုံး ကမ္ဘာကြီးမှာ တိမ်ဖုံးပါလို့ လမသာဆိုတဲ့ အကာလတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရမှာ ဖြစ်ပါတယ်။

အဲဒီတော့ မြန်မာ့နိုင်ငံရေးခရီးလမ်းမှာ အဓိကနဲ့ သာမည၊ နိုင်ငံ့အရေးနဲ့ ကိုယ့်အရေး ရစ်ပတ်ရှုပ်ထွေးမနေစေဘဲ လက်တွေ့ကျကျ ရွေးချယ်နိုင်ကြဖို့ အရေးကြီးလာပြီဆိုတာ တွေ့ရပါတယ်။ အမျိုးသားညီလာခံကျင်းပနေတုန်းက အချိန်ကြာမြင့်တယ်ဆိုပြီး စိတ်မရှည်ဘဲ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တစ်ဖက်ကကြည့်ရင် အခြေခံဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် သဘောမထားဘဲ ဖုတ်ပူမီးတိုက် ပြီးစလွယ်ရေးဆွဲရင် အနာဂတ်မှာ ဘယ်လိုတွေ ဖြစ်လာမလဲ၊ ဘယ်သူမှ အာမခံနိုင်မယ်မဟုတ်ပါဘူး။ အာမခံသည်ထားဦး အဲဒီအခြေခံဥပဒေရဲ့ အားနည်းချို့ယွင်းချက်ကြောင့် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးရလဒ်တွေကို နောင်လာနောက်သား သားစဉ်မြေးဆက်တွေပဲ ကုန်းရုန်းပြီး ခံကြရမှာပဲ ဖြစ်ပါတယ်။

အခုလို စောင့်ဆိုင်းမြော်တွေးခဲ့ရတဲ့ အချိန်တွေဟာ နောင်လာနောက်သားတွေအတွက် ရင်းနှီးမြှုပ်နှံပေးခဲ့ရတဲ့ တန်ဖိုးတွေပဲဖြစ်ပါတယ်။ တကောင်းခေတ်က ကံရာဇာကြီးနဲ့ ကံရာဇာငယ်တို့ရဲ့ နန်းသိမ်းပွဲခံဖို့ ယှဉ်ပြိုင်ပွဲကိုသာဓကယူသင့်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာမှာ ကံရာဇာငယ်လို မင်းဖြစ်ဖို့က အဓိက၊ တည်ဆောက်မှုကသာမညလို့ သဘောထားမှာလား။ ကံရာဇာကြီးလို တည်ဆောက်မှုက အဓိက၊ မင်းဖြစ်ဖို့က သာမညလို့ သဘောထားမှာလား။ သေသေချာချာ မြော်မြင်တွေးဆ သတိပြုမိကြဖို့ ကောင်းပါတယ်။

အခုဆိုရင် တည်ဆောက်မှုကာလတွေကို အောင်မြင်ပြီးမြောက် ခရီးရောက်ခဲ့ပါပြီ။ တည်ဆောက်မှုကာလတိုင်းမှာ ရင်းနှီးပေးဆပ်ရတာတွေ၊ နစ်နာဆုံးရှုံးခဲ့ရတာတွေ၊ နာကျင်ခံစားခဲ့ရတာတွေ ရှိစမြဲဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးခရီးလမ်းဟာ ပန်းခင်းလမ်းမဟုတ်ခဲ့တာ အားလုံးအသိပါပဲ။ တားဆီးပိတ်ဆို့မှု၊ ဟန့်တားနှောင့်ယှက်မှု၊ ချွတ်ချော်တိမ်းစောင်းမှု၊ အကြိမ်ကြိမ် ပြန်လည်ထူထောင်မှုတွေနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတာ ဖြစ်ပါတယ်။

ပန်းတိုင်ရောက်ဖို့ လက်တစ်ကမ်းအလိုကျမှ ခုန်ပျံကျော်လွှားပုံ နည်းစနစ်မကျလို့ တာထွက်က ပြန်စရမယ်လို့ ဒိုင်လူကြီးလို ဝင်ရောက်စွက်ဖက်သူတွေကြောင့် မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အပျောက်မခံသင့်ပါဘူး။ ကြိုးပမ်းအားထုတ်ခဲ့ရတဲ့ လုံ့လဥဿာဟတွေကို အဆုံးရှုံးမခံသင့်ပါဘူး။ ကြားလေသွေးတာနဲ့ အဝေးမခံသင့်ပါဘူး။

တစ်ဆက်တည်းဥပမာပြရရင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုနိုင်ရေးဟာ မြန်မာနိုင်ငံအတွက် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲနဲ့ တူနေပါတယ်။ အခြေခံဥပဒေသစ်ကို မျိုးဆက်တစ်ခုက တာဝန်ယူသယ်ပိုးပြီး လက်ဆင့်ကမ်းပေးနေပါပြီ။ နောင်မျိုးဆက်တစ်ခုက အမြတ်တနိုး တန်ဖိုးထားလက်ခံပြီး ရှေ့ကိုချီတက် ခရီးဆက်ရဦးမှာ ဖြစ်တာမို့ ပမာဒ လေမခကြဖို့ တင်ပြလိုက်ရပါတယ်။ ။

ပန်းတိုင်ရောက်ဖို့ လက်တစ်ကမ်းအလိုကျမှ ခုန်ပျံကျော်လွှားပုံ နည်းစနစ်မကျလို့ တာထွက်က ပြန်စရမယ်လို့ ဒိုင်လူကြီးလို ဝင်ရောက်စွက်ဖက်သူတွေကြောင့် မိမိတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အပျောက်မခံသင့်ပါဘူး။ ကြိုးပမ်းအားထုတ်ခဲ့ရတဲ့ လုံ့လဥဿာဟတွေကို အဆုံးရှုံးမခံသင့်ပါဘူး။ ကြားလေသွေးတာနဲ့ အဝေးမခံသင့်ပါဘူး။

နမ္မားနှင့်မိုးညှင်းမြို့ရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်စစ်ဆေး

နေပြည်တော် မတ် ၆

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၂ ရက်နံနက်ပိုင်းတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပရိယတ္တိစာသင်တိုက်မွှာရုံ၌ မိုးညှင်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများနှင့် တိုက်အုပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းပရိက္ခရာများနှင့် ကျောင်းတိုက်များအတွက် ဆန်နှင့်ဆီများ ဆက်ကပ်လှူဒါန်းသည်။

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နမ္မားအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးသည် မိုးညှင်းမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရှိ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဆယ်လူလာတယ်လီဖုန်း စနစ် တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ နမ္မားကျေးလက် ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် နမ္မားအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးပါးသီလခံယူ

မတ် ၃ ရက်က အထက(၁) စမ်းချောင်းတွင် (၁၆)ကြိမ်မြောက် ရှင်ပြုအလှူတော်မင်္ဂလာပွဲ ကျင်းပရာ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ရှင်လောင်းများ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(က-ပ)

မြတ်တံခွန်စာသင်တိုက် သင်္ကြန်ရက်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ပိုင်းရပ်ကွက် ရွှေဂုံတိုင်လမ်း လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တတေဇဝန္တ (သာသနဓဇ ဓမ္မာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဧပြီ ၁၂ ရက်မှစ၍ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများနှင့် တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁ ရက်မှ စတင်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ ၁၁ ရက်တွင် ကျောင်းတိုက်သို့ ကြိုတင်ရောက်ရှိကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၅၆၁၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

တောင်ငူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၆

တောင်ငူမြို့နယ်အသင်း(အုတ်တွင်း၊ ထန်းတပင် အပါအဝင်)၏ တောင်ငူမြို့နယ်မှ ဘွဲ့ခံဆရာတော်နှစ်ပါး၊ အုတ်တွင်းမြို့နယ်မှ ဘွဲ့ခံဆရာတော်သုံးပါး ပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးပွဲကို မတ် ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်း(၂)လမ်းရှိ ရွှေနေချုပ်ရုံးမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် နယ်သူ၊ နယ်သားအားလုံး တက်ရောက်ကြရန်နှင့် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးထွန်းထွန်း (ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃၊ အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၁၉၊ ၀၉-၅၁၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက်က ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် အမက (၁၂)ကျောင်းခန်းမ၌ ကျင်းပရာ ဒုတိယတန်းမှ မောင်ဝေလင်းသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေ ဆုချီးမြှင့်စဉ်။

(ပညာရေး)

တိပိဋကပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၆

မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး (BBMA)၏ (၈၂) ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၁ ရက်က လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိ အလယ်တိုက်ကျောင်း၌ ကျင်းပရာ**(ယာပုံ)** နာယကကြီးများဖြစ်သည့် ဦးချစ်အေး၊ ဦးသန့်ဇင်၊ ဦးမြင့်သိန်း၊ ဦးမြတ်စိုး၊ ဦးကေဟုန်စိန်နှင့် ဦးကျော်ညွှန့်၊ ဥက္ကဋ္ဌ ဦးသန့်ဇင်၊ အကျိုးတော် ဆောင်ချုပ် အလုပ်အမှုဆောင် ၃၀တို့ ကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းလိုက်ပြီး တိပိဋကပူဇော်ပွဲကြီးကိုယခင်နှစ်များအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (၅၇)

အင်တာနက်နှင့်အီးမေးလ် သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် E-mail သင်တန်းအမှတ်စဉ် ၄/၂၀၀၈ကို မတ် ၂၄ ရက်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

သင်တန်းသူ အမျိုးသမီး ၃၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူ၍ မတ်၂၀ရက်နောက်ဆုံးထားပြီးပြန်လည်ပေးပို့ရမည် ဖြစ်သည်။ (က-ပ)

သဃ်္ဃန်းကျွန်းမြို့နယ် ဦးစံဖေရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပျော်ပွဲရွှင်ပွဲနှင့် အားကစားနည်းမျိုးစုံ ပြိုင်ပွဲများကို ကျင်းပရာ သက်ငယ်တန်း အပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသော မနန်းပုံ(ခ) မမျိုးပပကျော်အား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် ဇနီး ဒေါ်သူဇာလင်းတို့က အကောင်းဆုံးအပြေးသမားဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၆

၂၀၀၈ ခုနှစ် စတုတ္ထအကြိမ်မြောက် တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများအား အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက်(သောကြာနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ တပ်မတော်(အငြိမ်းစား) ဘောလုံးနည်းပြများနှင့် ဘောလုံးသမားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့်အလှူငွေများ လှူဒါန်းလိုပါက ဗိုလ်မှူးစိုးမြင့်အောင် ဖုန်း-၀၉-၈၀၃၀၂၉၀၊ ဗိုလ်မှူးတင့်ဇော် ဖုန်း-၆၂၅၂၀၀၊ ဒုတိယအရာခံဗိုလ်လှမြင့် ဖုန်း-၆၃၅၆၃၈နှင့် ဒုတိယအရာခံဗိုလ်အေးကြူ ဖုန်း-၀၉-၂၀ ၂၈၈၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြ

ရန်ကုန် မတ် ၆

ရန်ကုန် မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို မတ် ၂ ရက်က မင်္ဂလာဒုံဈေးကြီး၌ ကျင်းပရာ ထောက်ကြံ့မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များက မီးသတ်ပိုက်များဖြင့် လက်တွေ့သရုပ်ပြရှင်းလင်းပြီး **(ယာပုံ)** မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးမီးဘေးကာကွယ်တားဆီးရေး ကြီးကြပ်မှု ကော်မတီဝင်များနှင့် ဈေးမိ၊ ဈေးဖများ တက်ရောက်ကြည့်ရှုကြသည်။ (၅၃၂)

စေတီပြုပြင်ရေးလှူဒါန်းနိုင်

ရန်ကုန် မတ် ၆

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ (တောင်တန်း) အောင်ဇေယျမြို့သစ် ၁၆ဌာန သမိုင်းဝင် ဗုဒ္ဓစေတီတော်မြတ်ကြီး လုံးတော်ပတ် အင်္ဂတေအသစ် ပြုပြင်တည်ဆောက်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူများသည် မုတ္တမကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစံရီ၊ ပြုပြင်တည်ဆောက်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအေးမြင့် (ဆွေလှဝင်းလက်ဖက်ရည်ဆိုင်) တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

▲ **ရှေ့ဖုံးမှ**

ထို့နောက် ဝန်ကြီးသည် ကျောက်မဲမြို့နယ် စခန်းသာရွာအနီးရှိ ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းနှင့် ပြင်ဦးလွင်၊ မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၉)နေရာ၌ တာဝါတိုင်အမှတ် (၆၀၉)တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **စစ်မှုထမ်းဟောင်းမှ**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဖောက်လုပ်လျက်ရှိသော ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့် သဇင်လမ်းကြား ၆၇လမ်းအား ကတ္တရာလမ်းခင်းရန်အတွက် အခြေခံကျောက်လွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိ၍ စက်ယန္တရား၊ လူအင်အားများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် အရှည်ပေ ၁၆၃၀၊ အကျယ်၂၄ပေရှိပြီး ကတ္တရာခင်းလမ်းအဆင့်အထိ ဖောက်လုပ်သွားမည်ဖြစ်သည်။ ယင်းနောက် တိုင်းမှူးသည် ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းနှင့် တောင်သမန် ကန်ပတ်လမ်း ကြက်လျှာစွန်းကြား တံခွန်တိုင်ဖြတ်လမ်းအား အပိုင်းလိုက် ပြုပြင်မှုလုပ်ငန်းခွင်သို့ ရောက်ရှိ၍ စက်ယန္တရားကြီးများဖြင့် အခြေခံကျောက်လွှာခင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် အပိုင်းလိုက် စုစုပေါင်းလမ်းအရှည်ပေ ၁၃၀၀၊ အကျယ်ပေ ၂၀ ရှိကာ ယခုအခါ အောက်ခံမြေသားအား အနက်သုံးပေတူးပြီး ကျောက်ကြီးများထည့်ကာ သတ်မှတ်ကျောက်များခင်းလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မဟာအောင်မြေမြို့နယ် သင်္ဂဇာချောင်းမှ မဟာစည်လမ်းအထိ ၄၁ လမ်းအား အကြီးစား ပြုပြင်မှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လမ်းလုပ်ငန်းနှင့် လမ်းဘေးရေနုတ်မြောင်း ဖောက်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် အရှည် ၂၁၂၄ပေ၊ အကျယ် ၂၄ပေရှိပြီး လမ်းဖြတ်ကူးကွန်ကရစ်တံတား ၁၀စင်းပါရှိကာ ရေသွားအကျယ်သုံးပေ၊ အနက်ငါးပေရှိ လမ်းဘေးရေနုတ်မြောင်းကိုလည်း တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူးသည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားအနောက်ဘက်မုခ်နှင့် တောင်ဘက်မုခ် အမိုးမျက်နှာကြက်များ ပြုပြင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၇၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၆

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ်အမှတ် (၇၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ကြီးမှူး၍ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး အထူးအစည်းဝေးကျင်းပ၊ ကွန်ဒိုအိမ်ရာများတွင် ဝယ်ယူနေထိုင်လျှင် ကြေညာသည့်အကြောင်းအရာများနှင့် ညီညွတ်မှု ရှိ၊ မရှိ သေချာစုံစမ်းပြီးမှ ဝယ်ယူနေထိုင်သင့်၊ မန္တလေးရတနာပုံဈေး မီးလောင်မှုတွင် မြန်မာ့အာမခံမှ လျော်ကြေးငွေ နှစ်ခုလောက်သာ ပေးရဖွယ်ရှိ၊ ရင်ခုန်ရမယ့်သူမရှိသေးဘူးဆိုတဲ့ နေတိုး၊ အမေရိကန်သူလျှိုဂြိုဟ်တုပစ်ချမှု အာကာသစစ်ပွဲအတွက် စမ်းသပ်မှုလော၊ အီရန်၏နျူကလီးယားအစီအစဉ်အပေါ် အာရှ-ဥရောပနှင့် နိုင်ငံတကာလေ့လာသူများ၏ သဘောထားအမြင်၊ စီးပွားရေးပညာရှင် ကစ်ဒလင်း ပြောပြသွားတဲ့ ယနေ့ အမေရိကန်စီးပွားရေး၊ အမေရိကန်ဈေးကွက်ကို ထိုးဖောက်ဖို့ကြိုးစားနေတဲ့ တရုတ်နည်းပညာကုမ္ပဏီ HUAWEI ရဲ့ နည်းဗျူဟာ၊ ဗီဇာ-ကတ်စထရို၊ အကြိမ်(၈၀)အော်စကာ၊ သမိုင်းဝင်ပြည်လမ်းရဲ့အမွှာဖြစ်တဲ့“ အင်းစိန်”လမ်းသစ်၊ တောင်ကြီးမြို့မှ စာပေလောကသားများသို့၊ တက္ကစီမင်းနှင့်စိတ္တဇမိန်းကလေး၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သက္က(ခေတ္တရာ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာ ဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မတ် ၆ရက်က ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၁) ကျောင်းဆင်းအရာရှိများ၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်အလှူ၊ ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၆

မင်္ဂလာတရား အခြေခံသော ကိုယ်ကျင့်တရားဖြင့် ဘဝကို တည်ဆောက်နိုင်သူများဖြစ်ရန် ရည်ရွယ်၍ လူငယ်မျက်ရှု(ဗုဒ္ဓဘာသာယဉ်ကျေးမှုနွေရာသီ)သင်တန်းကို မတ် ၂၂ရက်မှ ၃၀ရက်အထိ နံနက် ၈နာရီမှ ၁၁နာရီခွဲအတွင်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ရှင်သာမဏေ ဓမ္မဗိမာန်၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ ပထမတန်းဖြေဆိုပြီး ကျောင်းသား၊ကျောင်းသူများမှစ၍ ၁၀တန်းဖြေဆိုပြီးသူများအထိ တက်ရောက်နိုင်သည်။ သင်တန်းအပ်လိုသူ မိဘများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၈၇၃၆၁ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လူသွားစင်္ကြံများခင်းကျင်းမှု၊ ကတ္တရာခင်းကျင်းမှုလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ယနေ့နံနက်က ရန်ကုန်မြို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လိုက်လံကြည့်ရှု စစ်ဆေးဆောင်ရွက်သည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ လူသွားစင်္ကြံများ ခင်းကျင်းနေမှုကိုလည်းကောင်း၊ ဗိုလ်တထောင်မြို့နယ် မေတ္တာလမ်းသို့ သွားရောက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးဆောင်မှုဖြင့် မေတ္တာလမ်း ကျောက်ချောကတ္တရာ ခင်းကျင်းနေမှုနှင့် (၄၉)လမ်း ကျောက်ချောကတ္တရာလမ်းခင်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၅၇)ရပ်ကွက် မြပုလဲသွယ်လမ်းနှင့် ဥသဖယားလမ်းထောင့်ရှိ ဓမ္မဃောသကဓမ္မာရုံသို့ ရောက်ရှိလာပြီး ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ယင်းမှ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် အမှတ်(၄၁) တိုးချဲ့ရပ်ကွက်ရှိ တော်ဝင်အိမ်ရာသို့ သွားရောက်၍ တော်ဝင်အိမ်ရာနှင့် မဟာမြိုင်အိမ်ရာတို့မှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ငမိုးရိပ်ပိုက်လိုင်းမှ သောက်သုံးရေ ဖုလုံစွာသွယ်ယူရရှိရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

ဖိတ်စာများ ထုတ်ယူနိုင်

ရန်ကုန် မတ် ၆

၁၃၆၉ ခုနှစ် တပေါင်းလပြည့် မတ် ၂၁ရက်(သောကြာနေ့)တွင် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၌ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များကို လက်ခံရယူကြမည့် လူပုဂ္ဂိုလ်များသည် ဖိတ်စာများကိုသာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဦးစီးရေးရာဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်း ဖုန်း-၀၁-၆၆၅၃၈၁ ထံတွင် မတ် ၁၂ရက်မှ ၁၇ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဖြင့်ဖြစ်စေ လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ပညာဒါနသင်တန်းများဖွင့်မည်

ရန်ကုန် မတ် ၆

ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက် ပညာဒါနသင်တန်းများကို မတ် ၈ရက်နှင့် မတ် ၁၅ရက်တို့တွင်လေးထောင့်ကန်လမ်းမ၊ ဆ/ခရပ်ကွက် (ဘဝမြင့်) သဃ်ာန်းကျွန်းမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အင်္ဂလိပ်၊ ဂျပန်၊ တရုတ်(အရေး၊အဖတ်၊အပြော) သင်ကြားပို့ချမည်ဖြစ်သည်။ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုပြီးသူများအတွက် အထူးစီစဉ်ထားသည်။ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဆရာဦးစိုးငြိမ်း (ဂျပန်စာ) ဖုန်း-၀၉၅၁၀၅၅၉၇ နှင့် အထက်ပါစာသင်တိုက် ဖုန်း-၅၆၀၇၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၀၈(သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	“ကိုယ်ချည်တဲ့ကြိုး ကိုယ်ဖြည်ပါ”တရားတော် (ဆရာတော် အရှင်ဣန္ဒာစရိယ)
၇း၅၅-၁း၅၅	Activities In The City
၈း၁၀-၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅-၂း၁၅	Myanmar Video Rhythm
၈း၄၅-၂း၄၅	နယ်စပ်ဒေသဖွံ့ဖြိုးဝေစည် နတလဒီဂရီကောလိပ်မှသည်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့်ပြုလုပ်နည်း)
၉း၃၀-၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅-၃း၃၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၉း၄၅-၃း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	ရွှေလီရေအားလျှပ်စစ်စက်ရုံ
၁၀း၃၀-၄း၃၀	Art Vision (အာဆီယံလက်မှု အနုပညာပစ္စည်းလက်ရာမွန်ပြပွဲ)
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	Yangon Panorama(တရုတ်နှစ်သစ်ကူး အထူးအထိမ်းအမှတ် နဂါးအကအလှပြပွဲတော်)
၁၁း၂၅-၅း၂၅	ဖူးစာဖက်တို့ဆုံစည်းဖို့ရာ(ရှေ့တော်ပြေးသဝဏ်လွှာ)
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀-၅း၄၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၃၀-၆း၃၀	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ)
၁၂း၄၀-၆း၄၀	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်း ချန်ပီယံဖြစ်ရေး အဆုံးအဖြတ်ပွဲ ယနေ့ကစားမည်

ရန်ကုန် မတ် ၆

၂၀၀၇ခုနှစ် စက်တင်ဘာလမှ စတင်ကျင်းပခဲ့သော ၂၀၀၇–၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲသည် မတ်၂၆ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်သည်။ ယခုအချိန်အထိချန်ပီယံမည်သည့်အသင်းဖြစ်မည်ကို မသိရသေးဘဲ အကြိတ်အနယ်ယှဉ်ပြိုင်ဆဲဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီများ (၂၀၀၁ခုနှစ်နောက်ပိုင်း)တွင် ယခုနှစ်ဘောလုံး ရာသီကဲ့သို့ အကြိတ်အနယ်ရှိခဲ့ခြင်းမျိုးမရှိဘဲ တစ်သင်းလျှင် (၁၀)ပွဲ အထက်ကစားပြီးပါက ချန်ပီယံဆုအတွက် အဖြေထွက်လျှင်ထွက်၊ မထွက်လျှင် အသင်းနှစ်သင်းခန့်သာ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရခြင်းမျိုး ရှိခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင်မူ အသင်းကြီးများဖြစ်သည့် လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်၊ ကမ္ဘောဇနှင့် စီးပွား/ကူးသန်းတို့သုံးသင်း ချန်ပီယံဆုအတွက် အကြိတ်အနယ်ယှဉ်ပြိုင်နေရသည်။ မတ်၄ရက်ပွဲစဉ်များအ ပြီးတွင် ကမ္ဘောဇအသင်းက ၁၂ပွဲကစား၊၂၉မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ဘဏ္ဍာ/အခွန်အသင်းက ၁၁ပွဲကစား၊ ၂၆မှတ်ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ စီးပွား/ ကူးသန်းက ၁၁ပွဲကစား၊ ၂၅မှတ်ဖြင့် တတိယနေရာတွင် လည်းကောင်း ရပ်တည်လျက်ရှိနေသည်။

လက်ရှိအခြေအနေတွင် ကမ္ဘောဇက(၁)ပွဲကျန်၊ ဘဏ္ဍာ/အခွန်နှင့် စီးပွားကူးသန်းတို့က (၂)ပွဲစီ ကစားရန်ကျန်ရှိနေသေးသည်။ ကမ္ဘောဇအသင်းက ဘဏ္ဍာ/အခွန်နှင့် ကစားရန်ကျန်သေးပြီး ဘဏ္ဍာ/အခွန်က ကမ္ဘောဇ၊ ကာကွယ်ရေး၊ စီးပွားကူးသန်းက တပ်မတော်ကြည်း၊ မြို့တော်စည်ပင်တို့နှင့်ကစားရန် ကျန်ရှိနေကြသည်။ ကမ္ဘောဇအသင်းမှာ လက်ကျန်တစ်ပွဲကို အနိုင်ရရှိပါက ဗိုလ်စွဲနိုင်တော့မည်ဖြစ်ရာ မတ် ၇ရက်(ယနေ့)တွင် သုဝဏ္ဏ ကွင်း၌ ယှဉ်ပြိုင်ကစားမည့် ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇအသင်းတို့၏ ပွဲမှာ မြန်မာလိဂ်အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်လာတော့မည်ဖြစ်သည်။

လက်ရှိအမှတ်ပေးဇယားကို ဦးဆောင်နေသည့် ကမ္ဘောဇအသင်းမှာ ဆောက်လုပ်ရေးနှင့် ပြည်ထဲရေးကို သရေကျ၊ စီးပွားကူးသန်းကို ရှုံးနိမ့်သည်မှလွဲ၍ မြို့တော်စည်ပင်၊ ပို့ဆောင်ရေး၊ ကာကွယ်ရေး၊ မြန်မာ့မီးရထား၊ လယ်ဆည်၊ Royal Eleven၊ စွမ်းအင်၊ သစ်တောနှင့် တပ်မတော်ကြည်းတို့ကို အနိုင်ရကာ ခြေမှန်ရနေသည့်အသင်းဖြစ်သည်။ လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် ကမ္ဘောဇအသင်းအနေဖြင့် အဆင့်မြင့်တန်းသို့ ရောက်ရှိပြီးနောက်ပိုင်း အမှတ်ပေးချန်ပီယံဆုအတွက် ပထမဦးဆုံးအကြိမ် မျှော်မှန်းနိုင်သည့် အနေအထားသို့ရောက်ရှိလာခြင်းဖြစ်သည်။ ၂၀၀၅–၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ပြိုင်ပွဲ တွင် ပထမ၊ ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ

စီးပွား/ကူးသန်းအသင်းမှ ရာဇာဝင်းသိန်း တိုက်စစ်ကို ကမ္ဘောဇနောက်တန်းမှ အေးဆန်း ခေါင်းတိုက်ဖျက်ထုတ်စဉ်။ (ကြေးမုံ)

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ စိုးညွှန့်(ကြေးမုံ)

အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ ဒုတိယဆုတို့ရရှိဖူးသည့် ကမ္ဘောဇအသင်းမှာ ယခုဘောလုံးရာသီအနည်းငယ်အတွင်းတွင် ခြေစွမ်းတစ်ဟုန်ထိုးတက်လာပြီး အသင်းကြီးစာရင်းသို့ဝင်ရောက်လာသည့် အသင်းဖြစ်သည်။

လက်ရှိအဆင့်မြင့်တန်းပြိုင်ပွဲများတွင် အောင်မြင်မှုများစွာရရှိထားသည့် ဘဏ္ဍာ/အခွန်အသင်းမှာ ယခင်နှစ်များကဲ့သို့ အမှတ်ပေး ချန်ပီယံဆုကို လွယ်ကူစွာရယူနိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးပွဲအထိ အကြိတ်အနယ်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ ယခင်နှစ် ဘောလုံးရာသီ များတွင် အမှတ်အသာဖြင့် ပြိုင်ပွဲမပြီးဆုံးမီ ဗိုလ်စွဲလေ့ရှိသည့် ဘဏ္ဍာ/အခွန်အသင်းအတွက် ရှန်းကန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် ပုံမှန်ခြေမရသေးဘဲ နှစ်ကြိမ်ဆက်တိုက် ဆွတ်ခူးရရှိဖူးသည့် မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဆုဖလားကို လက်လွတ်လိုက်ရခြင်း၊ ကွင်းဖွင့်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းကြောင့် အမှတ်ပေးချန်ပီယံဆုကို ထပ်မံလက်မလွတ်ရရန် ဘဏ္ဍာ/အခွန်သည် လက်ကျန်နှစ်ပွဲ အနိုင်ရရန် ကျားကုတ်ကျားခဲကြိုးစားကစားရမည့် အနေအထားပင်ဖြစ်သည်။

စီးပွား/ကူးသန်းအသင်းမှာ ယခုနှစ် ဘောလုံး ရာသီတွင် အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်နေပြီး မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ဆုဖလားနှင့် ကွင်းဖွင့်ဖလားတို့ကို ဆွတ်ခူးရရှိ ထားသည့် အသင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ၁၁ ပွဲကစားရာ၌ ဘဏ္ဍာ/အခွန်ကို ရှုံးနိမ့်သည်မှလွဲ၍ ၁၀ ပွဲဆက်တိုက်အနိုင်ရခဲ့သည့် စီးပွားကူးသန်းမှာ အမှတ်လျော့ပြစ်ဒဏ်ကြောင့် လက်ကျန်နှစ်ပွဲအနိုင်ရသည့်တိုင် ကမ္ဘောဇ၊ ဘဏ္ဍာ/အခွန် ပွဲရလဒ်ကို စောင့်ကြည့်ရမည့်အနေအထားဖြစ်နေသည်။ ကမ္ဘောဇ၊ ပို့ဆောင်ရေး၊ ကာကွယ်ရေး၊ မြန်မာ့မီးရထား၊ ဆောက်လုပ်ရေး၊ လယ်/ဆည်၊ ပြည်ထဲရေး၊ Royal Eleven ၊ စွမ်းအင်နှင့် သစ်တောတို့ကို ဆက်တိုက်အနိုင်ရခဲ့သော်လည်း ဘဏ္ဍာ/အခွန်ကို အနိုင်မယူနိုင်ခဲ့၍ နှစ်ပေါင်း များစွာ ဝေးကွာနေသည့် အမှတ်ပေးချန်ပီယံအိပ်မက် ဝေဝါးခဲ့ရခြင်းဖြစ်သည်။

မတ် ၇ ရက် (ယနေ့)ကစားမည့် ကမ္ဘောဇနှင့် ဘဏ္ဍာ/အခွန် ပွဲတွင် ကမ္ဘောဇအနိုင်ရလျှင် အမှတ်ပေးချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှုမှာ ပြီးဆုံးသွားပြီဖြစ်သည်။ ဘဏ္ဍာ/အခွန်အနိုင်ရလျှင် ချန်ပီယံဆုအတွက် ဘဏ္ဍာ/အခွန်နှင့် စီးပွားကူးသန်းတို့ အပြိုင်မျှော်လင့်နိုင်ပြီး ဘဏ္ဍာ/အခွန်မှာ ကာကွယ်ရေးနှင့် လက်ကျန်ပွဲကို အမှားခံ၍ ရတော့မည်မဟုတ်ပေ။ သရေကျခဲ့လျှင်မူ စီးပွားကူးသန်းက ယင်းနှစ်သင်းကို ကျော်ဖြတ်၍ဗိုလ်စွဲသွားနိုင်ဖွယ်ရှိနေပေသည်။

ဆက်လက်ကစားမည့်ပွဲစဉ်များ

၇–၃–၂၀၀၈	ဘဏ္ဍာအခွန်–ကမ္ဘောဇ	(သုဝဏ္ဏကွင်း)
	စီးပွားကူးသန်း–တပ်မတော်(ကြည်း)	(အောင်ဆန်းကွင်း)
၈–၃–၂၀၀၈	မြို့တော်စည်ပင်–Royal Eleven	(သုဝဏ္ဏကွင်း)
	ပြည်ထဲရေး–သစ်တောရေးရာ	(အောင်ဆန်းကွင်း)
၁၀–၃–၂၀၀၈	ပို့ဆောင်ရေး–ဆောက်လုပ်ရေး	(သုဝဏ္ဏကွင်း)
	မြန်မာ့မီးရထား–ကာကွယ်ရေး	(အောင်ဆန်းကွင်း)
၁၁–၃–၂၀၀၈	စွမ်းအင်–လယ်/ဆည်	(သုဝဏ္ဏကွင်း)
၁၂–၃–၂၀၀၈	တပ်မတော်(ကြည်း)–ကာကွယ်ရေး	(သုဝဏ္ဏကွင်း)
၁၅–၃–၂၀၀၈	သစ်တောရေးရာ–ကာကွယ်ရေး	(သုဝဏ္ဏကွင်း)
၁၇–၃–၂၀၀၈	တပ်မတော်(ကြည်း)–စွမ်းအင်	(သုဝဏ္ဏကွင်း)
၁၈–၃–၂၀၀၈	မြို့တော်စည်ပင်–ပြည်ထဲရေး	(သုဝဏ္ဏကွင်း)
၂၀–၃–၂၀၀၈	ဘဏ္ဍာအခွန်–ကာကွယ်ရေး	(သုဝဏ္ဏကွင်း)
၂၄–၃–၂၀၀၈	သစ်တောရေးရာ–စွမ်းအင်	(သုဝဏ္ဏကွင်း)
၂၅–၃–၂၀၀၈	တပ်မတော်(ကြည်း)–ပို့ဆောင်ရေး	(သုဝဏ္ဏကွင်း)
၂၆–၃–၂၀၀၈	စီးပွားကူးသန်း–မြို့တော်စည်ပင်	(သုဝဏ္ဏကွင်း)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇–၃–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၅ ၆။ အရေးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင် တေးနှယဉ်
၈း၂၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use..
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
၅း၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား
၅း၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၅၀ ၉။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း–၁၄)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း–၇)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ပြည်တွင်းပြည်ပ အားကစားသတင်းများ ပြည်တွင်းပြည်ပ အားကစားသတင်းများ

သုဝဏ္ဏမြို့ဦးစေတီ ဗုဒ္ဓပူဇနီယပွဲတော်၌ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ ချုပ်တို့ပူးပေါင်းကြီးမှူးကျင်းပသော ပထမအကြိမ်မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲကို မတ် ၁ရက်မှစတင်ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဝိုင်း၊ တပ်မတော်အကြီးတန်းလက်ရွေးစင်အဖွဲ့၊ တိုင်းနှင့်ပြည်နယ်လက်ရွေးစင်အဖွဲ့များ၊ ဘဏ္ဍာ/အခွန်လက်ရွေးစင်အသင်း၊ ရန်ကုန်တိုင်းလက်ရွေးစင်အသင်း၊ မြန်မာ့ရိုးရာ အားကစားဖော်ထုတ်ရေးနှင့် နိုင်ငံတကာသို့ခံဖျော်ဖြေရေးအဖွဲ့တို့နှင့် ပြည်နယ်/တိုင်း ခြင်းဝါသနာရှင်အဖွဲ့များ ပါဝင်သောခြင်းခတ်အဖွဲ့ ၉၀တို့က မြန်မာ့ရိုးရာ ခြင်းအလှခတ်ပညာရပ်များဖြစ်သော မဟာဒူး၊ မဟာနွယ်၊ ခြေဖျား၊ စလွယ်၊ ဝိုက်ကြီး၊ နှစ်ထပ်ခြေခွင်၊ နှစ်ထပ်ခြေဖျား၊ နှစ်ထပ်ဒူး၊ ညွှန့်ဒူး၊ မြင်းစီး၊ ရင်လိမ်ဖဝါး၊ မန္တလာ၊ တည့်ဖဝါး၊ တည့်ဖနောင့် စသောခြင်းပေါက်စုံတို့ဖြင့် မတ် ၈ရက်အထိ နေ့စဉ် ညနေ ၄နာရီမှ ည ၈နာရီ အတွင်း ခြင်းအလှခတ်ပြသကြသည်။ (၅၀၆)

ချန်ပီယံလိဂ် ဒုတိယအကျော့ ယှဉ်ပြိုင်ကစား ချယ်လ်ဆီး၊ ရိုးမားနှင့် ချော်ကေးတို့ ကွာတားတက်

လန်ဒန် မတ် ၆

၂၀၀၇–၂၀၀၈ ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ဒုတိယအကျော့ ရှုံးထွက်ပွဲစဉ်များကို ယနေ့ဆက်လက်ကျင်းပသည်။

မန်ယူ၊ အာဆင်နယ်၊ ဘာစီလိုနာ၊ ဖီနာဘာချီ၊ ချယ်လ်ဆီး၊ ရိုးမားနှင့်ချော်ကေးတို့ ကွာတားဖိုင်နယ်တက်သွားကြသည်။ အင်တာမီလန်နှင့် လီဗာပူးတို့ တစ်ပွဲသာကစား ရန်ကျန်ပြီး မတ် ၁၂ရက်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့် အိုလံပီယာကော့စ်

အင်္ဂလန်ကလပ် ချယ်လ်ဆီးသည် ပထမအကျော့ အိုလံပီယာကော့စ် ကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ခြင်းကြောင့် ယခုဒုတိယအကျော့ အိမ်ကွင်းတွင် ဒရော့ဘာ၊ လမ်းပတ်၊ ကာလူး၊ ဘောလက်တို့နှင့် လူစုံထုတ်ခဲ့သည်။ ပွဲစသည်နှင့် ချယ်လ်ဆီးက ဆက်တိုက်တိုက်စစ်ဆင်ခဲ့ရာ ပွဲအစခြောက်မိနစ်တွင် ဘောလက်၊ ၂၅မိနစ်တွင် လမ်းပတ်၊ ၄၈မိနစ်တွင် ကာလူးတို့က တစ်ဂိုးစီသွင်းယူခဲ့ကြပြီး အိုလံပီယာကော့စ်ကိုသုံးဂိုးပြတ်ဖြင့် အနိုင်ယူကာကွာတား ဖိုင်နယ်သို့ တက်ရောက် သွားသည်။

ရီးယဲလ်မက်ဒရစ် နှင့်ရိုးမား

ရီးယဲလ်မက်ဒရစ်သည် အီတလီကလပ် ရိုးမားကို အိမ်ကွင်းစပိန်မြေတွင် လက်ခံကစားရသော်လည်း နှစ်ဂိုး တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။ ရီးယဲလ်မက်ဒရစ်အနေဖြင့် ရိုးမားကိုနှစ်ပွဲပေါင်း ၄း၂ဖြင့် ရှုံးခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၇၁မိနစ်တွင် ရီးယဲလ်နောက်ခံလူပီပီ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။ ရိုးမားအတွက်အနိုင်ဂိုးများကို ၇၃မိနစ်တွင် တက်ဒီနှင့် နာကျင်ချိန် အချိန်ပိုတွင် ဗူချီနစ်တို့က သွင်းယူခဲ့သည်။ ရီးယဲလ်အတွက် နှစ်သိမ့်ဂိုးကို ၇၅မိနစ်တွင် ရာအူးလ်က သွင်းယူခဲ့သည်။ ရိုးမားသည်ချန်ပီယံလိဂ်တွင် အစဉ်အလာအကြီးမားဆုံးဖြစ်သော ရီးယဲလ်မက်ဒရစ်ကို ကျော်ဖြတ်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ပေါ်တိုနှင့် ချော်ကေး

ပထမအကျော့ ချော်ကေးကွင်းတွင် ပေါ်တိုတို့ ခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်းတစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခု ဒုတိယအကျော့ ပေါ်တိုကွင်းတွင် ချော်ကေးအပေါ် အသာရရှိရေးအတွက် အင်တိုက်အားတိုက်နှင့် ကစားခဲ့သော်လည်း ချော်ကေးနောက်တန်းကောင်းလွန်း၍ မိနစ် ၉၀တွင် ပေါ်တိုက တစ်ဂိုး ဂိုးမရှိဖြင့်သာအနိုင်ရရှိခဲ့သည်။ နှစ်ပွဲပေါင်း တစ်ဂိုးစီသရေကျနေ၍ အချိန်ပို၊ပယ်နယ်တီထိက စားခဲ့ရာ ချော်ကေးက ပေါ်တိုကို ၄း၁ဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ***အင်တာနက်။***

မြန်မာ Amateur Open တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲစတင်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာ Amateur Openတံခွန်စိုက် ဂေါက်သီး ရိုက်ပြိုင်ပွဲ (Myanmar Open Golf Championship 2008)ကို မတ်၄ရက် နံနက် ၇နာရီခွဲက ရန်ကုန်ဂေါက်ကလပ် တညင်းကုန်း၌ စတင်ကျင်းပသည်။

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက် လျော့ရိုက်ပြီး အချက် ၇၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်းက ၇၂ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းက ၇၃ ချက်ဖြင့် တတိယ၊ ဒဲရစ်ထက်ဒိုးက ၇၄ချက်ဖြင့် စတုတ္ထလိုက်နေကြပြီး ရန်နိုင်ဖြိုး၊ မောင်မောင်ဦး၊ ကျော်စိုးဝင်း၊ ရန်မျိုးအေးနှင့် မင်းသူရအောင်တို့က ပဥ္စမလိုက်နေကြသည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Dagon Brewery Ltd., Han Golf Master Pte., Ltd နှင့် Srixonတို့က ပါဝင်ကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီကရာတေးဒိုသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၆

အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ ခုနှစ် နွေရာသီ ကရာတေးဒိုအားကစားနည်းသင်တန်းများကို သတ်မှတ်ထားသော နေရာများ၌ ဖွင့်လှစ်ပြီး လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ လေ့ကျင့်ရေးသင်တန်းနေရာများမှာ အောင်ဆန်းအားကစားပြိုင်ဝင်း၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၊ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၊ ဝိုင်၊အမ်၊စီ၊အေ၊ အလက(၂)ဒဂုံ၊ အထက(၃) အလုံ၊ အထက(၁)မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ ပဒေသာအားကစားရုံ၊ လယ်/ဆည်(၉)မိုင် (ပြည်လမ်း)၊ အထက(၃) အင်းစိန်၊ အောင်ဆန်းမြို့၊ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ(ရဲမွန်)၊ အထက ကျောက်တံတား၊ ရန်ကုန်မြို့တော် စည်ပင်အားကစားကွင်း မင်္ဂလာတောင်ညွန့်(အမဲဈေး)၊ ရွှေပြည်သာ အားကစားရုံနှင့် အထက(၃) မရမ်းကုန်း တို့၌ သတ်မှတ်ထားသော အချိန်ဇယားအတိုင်း အဆင့်မြင့် ကရာတေးဒို နည်းပြဆရာများက စနစ်တကျ လက်တွေ့သင်ကြား ပို့ချလျက်ရှိသည်။ သင်တန်းတက်ရောက်လိုသော ကရာတေးဒို အားကစားမောင်မယ်များသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ဝင်း ဖုန်း–၃၇၉၉၃၉ သို့ မေးမြန်းစုံစမ်းပြီး အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကျွန်းလှနှင့် ကောလင်းမြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် မတ် ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁ ရက်တွင် ကန့်ဘလူမြို့နယ် ကြက်တောင်အားကစားခန်းမကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဝန်ကြီးသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ရွှေသိမ်တော်ကျောင်းတိုက်သို့ သွားရောက်ကာ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တာဝန်ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အသိအမှတ်ပြုလွှာများကို ပေးအပ်၍ ကန့်ဘလူမြို့နယ် ပင်ဒုတ်ကြီး ကျေးရွာ ဓမ္မာရုံတည်ဆောက်ရန် ငွေကျပ် ငါးသိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အသင်းလုံချည်များနှင့် အားကစားပစ္စည်းများ၊ ငွေကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျွန်းလှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တာဝန်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး အသိအမှတ်ပြုလွှာ၊ အသင်းလုံချည်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ကျွန်းလှမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကောလင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တာဝန်ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြား ပြီး အသိအမှတ်ပြုလွှာများ၊ အားကစား ပစ္စည်းများနှင့် အသင်းလုံချည်များကို လည်းကောင်း၊ ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာ ရေအားလျှပ်စစ် ရေသွယ်မြောင်း တည်ဆောက်ရန် ဘိလပ်မြေအိတ် ၁၀၀ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကောလင်းမြို့နယ် သဲကောကျေးရွာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုဒုံမြို့နယ် အမက စာစင်လမ်းမကြီးမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ စုပေါင်း၍ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပရာ ကန်တော့ခံ မြို့နယ်ပညာရေးမှူး (ငြိမ်း)၊ လက်ထောက်မြို့နယ် ပညာရေးမှူး(ငြိမ်း)နှင့် ကျောင်းအုပ်ကြီး (ငြိမ်း)တို့ကို ဂုဏ်ပြုပစ္စည်းများဖြင့် ကန်တော့ကြစဉ်။ (မြို့နယ်ပညာရေး)

ကွယ်လွန်သူ ဗိုလ်မှူးကြီး သိန်းဟန်အား ရည်စူး၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား ၁ ရပ်ကွက် ကမ္ဘောဇရိပ်သာလမ်းနေ ဒေါ်ခင်ဆွေလှိုင်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်း၊ ရေ၊ ဆေး၊ လမ်းအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ နန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ပူဇော်ပွဲ

ရန်ကုန် မတ် ၆

၂၀၀၈ ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှ ဆရာတော်ကြီး ၁၃ ပါးအား ဂုဏပူဇာ ပူဇော်ပွဲကို မတ် ၂၂ ရက်(စနေနေ့) ညနေ ၄ နာရီ၌ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် မော်လမြိုင် ဓမ္မာရုံ ဖုန်း-၂၅၆၁၅၇ နှင့် သက်ဆိုင်ရာ မြို့နယ် အသင်းများ မှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသီဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ရွှေမြင့်မိုရ်ဆရာတော်နှင့် ဦးအောင်သန်း၊ ဒေါ်စန်းစန်း၊ ကိုကျော်ဇေယျတို့ကို အမှူးထား၍ ကြည့်မြင်တိုင်မြို့နယ် ရိပ်သာ(၈)လမ်းနေ သား ကိုအောင်ကျော်ရှိန်၊ မြေး မောင်ဝေယံဟိန်းမိသားစုက ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ရုံးဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များ ပညာပေးဟောပြော

ရန်ကုန် မတ် ၆

မီးသတ်ဦးစီးဌာနရုံးချုပ်က ဦးစီး၍ ရုံးဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်များ အကြောင်း ပညာပေးဟောပြောပွဲကို မတ် ၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း ယခင်ပန်းချီ၊ ပန်းပုကျောင်းဝင်း အတွင်းရှိ အနုပညာကွန်ပျူတာ ဒီပလိုမာ သင်တန်းခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေက Forever Group Co,Ltd မှ ကုမ္ပဏီဝန်ထမ်းများအား ရုံးဌာနများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားတတ်သော အကြောင်းအရာများကို ရှင်းလင်း ဆွေးနွေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက မီးခိုးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှု မရှိစေရေး၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကာကွယ်ရေးနှင့် ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နိုင်ရေး အတွက်လက်တွေ့ရှင်းလင်း သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

သန်လျင်မြို့နယ်တွင် ဂုဏပူဇာသဘင်ကျင်းပမည်

ရန်ကုန် မတ် ၆

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ မဟာခေမိကာရာမ ရွှေကျင်စာသင်တိုက်မှ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ တိုက်အုပ်ဆရာတော် အရှင်ဣန္ဒောဘာသာလင်္ကာရ၏ ဂုဏ်ပြု ချီးကျူးပူဇော်ပွဲအဖြစ် ဂုဏပူဇာသဘင်ကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဓမ္မဒါန မတည်အလှူရှင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဆရာကြီး အရပ်ဆရာအောင်၊ ဇနီး ဒေါ်နှင်းရည်ကျော်၊ သား မောင်ဘုန်းပြည့်ကျော် မိသားစုက ငွေကျပ် ၁၂ သိန်းကို လှူဒါန်းသည်။

အဆိုပါ ဂုဏပူဇာ ဓမ္မသဘင်ကို မတ် ၁၉ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ မတ် ၂၀ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ မတ် ၂၁ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သုန္ဒရ၊ မတ် ၂၂ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂီသ ဆရာတော်ကြီးများက နေ့စဉ် ည ၇ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည် ဖြစ်သည်။ (သတင်းစဉ်)

ပဲခူးမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ပဲခူး မတ် ၆

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် အဝေးပြေးယာဉ်ရပ်နားစခန်းရှိ နားနေဆောင်တွင် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပရာ ပဲခူးတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသောင်းလွင်**(အောက်ပုံ)** ပဲခူးတိုင်းတာဝန်ခံ ယာဉ်ထိန်းဒုတိယရဲမှူး ဦးသိန်းအောင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းရီတို့က ယာဉ်တိုက်မှုများနှင့်ပတ်သက်၍ ယာဉ်မောင်းများ စည်းကမ်းလိုက်နာ ထိန်းသိမ်းမောင်းနှင်ရန် ပညာပေးဟောပြောခဲ့ပြီး လမ်းစည်းကမ်း ပညာပေး စာစောင်များ အခမဲ့ဖြန့်ဝေခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ပဲခူးတိုင်းအခြေပြု ယာဉ်လိုင်းများမှ ဥက္ကဋ္ဌနှင့်တာဝန်ခံများ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

နွေရာသီ သင်တန်းပေါင်းစုံဖွင့်

ရန်ကုန် မတ် ၆

ရန်ကုန် အနောက်ပိုင်းခရိုင် လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အထက(၁) လသာတို့ ပူးပေါင်း ဖွင့်လှစ်သည့် နွေရာသီ သင်တန်းပေါင်းစုံကို မတ် ၁ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းဆင်းပွဲကို မတ် ၉ ရက်တွင် ကျင်းပမည် ဖြစ်သည်။

သင်တန်းများမှာ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တသင်တန်း၊ ရှေးဦးသူနာပြုစုခြင်း အခြေခံအဆင့် သင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံ အားကစားသင်တန်းများ ဖြစ်သည်။ သင်တန်းများသို့ သင်တန်းသူ၊ သင်တန်းသား ၁၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (၄၁)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင် တည်ဆောက်မှု လုပ်ငန်းများအတွက် မတ် ၄ ရက်က ဒေါ်မြသန်းအား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မကြီးကြီးလမ်းနေ ဦးချစ်လှိုင်မိသားစုက ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၀၇)

မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး စပါးဆန်သတင်းနှင့်နည်းပညာစာစောင် ထုတ်ဝေ

သတင်းဆောင်းပါး–အောင်သူရ

ဆန်စက်များ ခေတ်မီတိုးတက် ကြိတ်ခွဲနိုင်ရေးနှင့် လေလွင့်ပျက်စီးမှု နည်းပါးစေရေး၊ သိုလှောင်ထိန်းသိမ်းမှုစနစ်များ တိုးတက်ကောင်းမွန်စေရေး ကာယဉာဏ ကျွမ်းကျင်လုပ်သားများ ဘဝဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးနှင့် ပြည့်ဝမ်းစာ ဖူလုံပိုလျှံပါက ပြည်ပသို့ တင်ပို့ရောင်းချရာတွင် နိုင်ငံတကာ အဆင့်မီဆန်များ ကြိတ်ခွဲထုတ်လုပ်ပေးရေးတို့ကို လုပ်ငန်းတာဝန်တစ်ရပ် အဖြစ် ခံယူကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်းသည် စပါးဆန်သတင်းနှင့် နည်းပညာ စာစောင် အတွဲ(၁)၊ အမှတ်(၁)ကို အခမဲ့ စတင်ထုတ်ဝေလိုက်ပြီဖြစ်သည်။

စပါးဆန်သတင်းနှင့် နည်းပညာ စာစောင်တွင် မြန်မာ့ဆန်စပါး လုပ်ငန်းနှင့် ဆက်စပ်နေသည့် စိုက်ပျိုးရေးဆိုင်ရာကဏ္ဍ၊ ဝယ်ယူသိုလှောင် ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍ၊ ကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာကဏ္ဍ၊ ပြည်တွင်း ပြည်ပရောင်းဝယ်မှုဆိုင်ရာ ကဏ္ဍများ ပြည့်စုံစွာပါဝင်သဖြင့် ဆန်စပါး လုပ်ငန်း လုပ်ကိုင်နေကြသူများအတွက် အသိပညာ ဗဟုသုတ တိုးပွား စေမည် ဖြစ်သည်။

ပထမဦးဆုံးထွက်ရှိသည့် စပါးဆန်သတင်းနှင့် နည်းပညာ စာစောင် အတွဲ(၁)၊ အမှတ်(၁) စာစောင်ကို ဆန်စပါး စိုက်ပျိုးထုတ်လုပ် တင်ပို့ နှင့်သက်ဆိုင်သော အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များထံ မေတ္တာရပ်ခံ အကူအညီတောင်းခံမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းသည် ဆန်ကြိတ်ခွဲပေးရန် တာဝန်သာမက ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမား များ၊ ကြိတ်ခွဲထုတ်လုပ်သူ ဆန်စက်လုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကား သူ ကုန်သည်များပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရေ့လုပ်ငန်းစဉ်များမှာ မြန်မာနိုင်ငံ မျိုးစေ့ချက်ကိရိယာများ ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ပြည်ပမှ မှာယူခြင်းနှင့် ပြည်တွင်း၌ ထုတ်လုပ်ပေးခြင်းများ ဆောင်ရွက်သွားရေး၊ စက်ကြိတ်အဆင့်အတန်းမြင့်မားလာစေရန် ဆန်စက်အသေး၊ အကြီးများအတွက် ခေတ်မီစက်ကိရိယာများကို

ပေးအပ်လှူဒါန်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စပါးဆန်သတင်းနှင့် နည်းပညာ စာစောင်အုပ်ရေ ၁၅၀၀ကို မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အထွေထွေအတွင်းရေးမှူးဦးသောင်းဝင်းတို့ကလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထံသို့ ပေးအပ်လှူဒါန်းစဉ်။

(ဓာတ်ပုံ– ကုန်သည်/ စက်မှုအသင်းချုပ်)

ရောင်းချသူများထံ ရောက်ရှိစေရေးအတွက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်း နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၂၂ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ တန်ဖိုးငွေ ကျပ် ခုနစ်သိန်းငါးသောင်းတန်ဖိုးရှိ စာစောင်အုပ်ရေ၁၅၀၀နှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေကျပ် ငါးသိန်း တို့ကို လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်းပွဲအပြီးတွင် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းက အသင်း၏ ရည်ရွယ်ချက်နှင့် ရေ့လုပ်ငန်းစဉ်များကို ရှင်းပြရာတွင် တောင်သူလယ်သမားများ နည်းပညာ တိုးတက်မှုအတွက် စိုက်ပျိုးရေးပညာရှင် ဦးဘဟိန်း ရေးသားပြုစုသည့် စိုက်ပျိုးရေးနည်းပညာ လယ်သမားလက်စွဲစာအုပ် အုပ်ရေတစ်သောင်းကို တောင်သူလယ်သမားများထံသို့ အခမဲ့ဖြန့်ဝေပြီး တောင်သူလယ်သမား များ၏ အိမ်တိုင်းတွင် ထားရှိလေ့လာနိုင်စေရေးကို စည်းရုံးဆောင်ရွက်သွား မည်ဖြစ်ကြောင်းနှင့် ယခုအခါ အုပ်ရေ ခုနစ်ထောင်ကို ရရှိပြီးဖြစ်ကြောင်း၊ ကျန်အုပ်ရေများကို လှူဒါန်းရန်အတွက် အခြားဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု ပြည်ပမှ မှာယူတင်သွင်းဖြန့်ဖြူးရေး၊ ကြိတ်ခွဲမှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရေးနှင့် သီးနှံအခြောက်ခံစက် လက်တွေ့အသုံးပြုရေး အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချရေးတို့ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးပညာရှင်အစုအဖွဲ့၊ ကြိတ်ခွဲရေးပညာရှင် အစုအဖွဲ့၊ ကုန်သွယ်မှု ပညာရှင်အစုအဖွဲ့များ ဖွဲ့စည်းလျက် တစ်လလျှင်တစ်ကြိမ် တွေ့ဆုံ ဆွေးနွေးပွဲများ ကျင်းပပြီး ဆန်စပါးလုပ်ငန်း လုပ်ကိုင်နေသူများ၏ ကိစ္စအဝဝတို့ကို ကူညီဖြေရှင်းပေးမည်ဖြစ်သည်။

ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက ဆန်စပါးလုပ်ငန်း ကျွမ်းကျင်သူများ ပိုမိုလိုအပ်လာမည်ဖြစ်၍ ဆန်စပါး ဝယ်၊ သယ်၊ သို၊ ကြိတ်နှင့် စာရင်းဇယား ကျွမ်းကျင်သူများနှင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင် နေကြသည့် လုပ်ငန်းရှင်များအကြား ပေါင်းကူးဆက်စပ်ပေးရန်တို့ ပါဝင် သည်။ မြန်မာနိုင်ငံ၌ ရေ၊ မြေ လုံလောက်မှုရှိပြီး စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုများဖြည့်တင်းပေးနိုင်ပါက စပါး၊ ဆန်အထွက်နှုန်း တိုးတက်လာ နိုင်မည်ဖြစ်၍ ပြည်တွင်းရိက္ခာ စားသုံးမှုအတွက် ပိုမိုဖူလုံပိုလျှံမည်ဖြစ်သည်။

ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ပုဂ္ဂိုလ်များအားလုံး အသိပညာ သတင်းအချက်အလက်များရရှိပြီး မြန်မာ့ဆန်စပါးလုပ်ငန်းကြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ချက်များဖြင့် အခမဲ့ထုတ်ဝေသည့် စပါးဆန်သတင်းနှင့် နည်းပညာစာစောင်သည် မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၏ မွန်မြတ်သည့် စေတနာပြယုဂ်တစ်ခု ဖြစ်ပါ ကြောင်း တင်ပြလိုက်ပါသည်။ ။

ကမာရွတ်မြို့နယ် အမက(၂)အခြေခံပညာမူလတန်းကျောင်း၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က G-4, A1မှ နှစ်နှစ်ဆက်တိုက် ပထမဆုရ မဆုဝတီနွယ်အား ဆုချီးမြှင့်စဉ်။ (၅၄၂)

မီးငြိမ်းသတ်မှု သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် မတ် ၆

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ အနောက်ပိုင်း ခရိုင် စည်ပင်သာယာရေး ဈေးများရုံး ခရိုင်မှူး၏ စီစဉ်မှုဖြင့် ကြည့်မြင်တိုင်မြို့နယ် နွေရာသီအကြို မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆွေးနွေးပွဲနှင့် မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို မတ် ၄ရက်က သီရိမင်္ဂလာဈေးရှိ ဟက်ပီးဝေါခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဦးက အမှာစကားပြောကြားပြီး ကြည့်မြင်တိုင်မြို့နယ် မီးသတ်ဦးစီးဌာန စခန်းမှူး ရဲသူရိန်နိုင်ဦးက နွေရာသီအကြို မီးဘေးကြိုတင် ကာကွယ်တားဆီးရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် အဖွဲ့ဝင်များက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများ၏ မီးငြိမ်းသတ် သရုပ်ပြသမှုကို ကြည့်ရှုကြသည်။ **(ယာပုံ)** (က–ပ)

ဝိဇ္ဇာသိဒ္ဓိမဟိဒ္ဓိစေတီ ဗုဒ္ဓပူဇနိယပွဲ

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက် ချော်တွင်းကုန်း တုလွတ်အောင်မြေ ကျောင်းတိုက်ကြီးအတွင်း၌ တည်ထားကိုးကွယ်တော်မူသော ဝိဇ္ဇာသိဒ္ဓိမဟိဒ္ဓိ စေတီတော်မြတ်အား (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တုလွတ်အောင်မြေကျောင်းတိုက်ကြီး၏ ပဓာနနာယကနိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝိလာသမဟာထေရ်မြတ်၏ သက်တော်(၇၈)နှစ်ပြည့် ဝိဇာတ(မွေးနေ့)မင်္ဂလာအထိမ်းအမှတ်၊ (၂၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၂ ရက်(ဗုဒ္ဓဟူးနေ့)မှ မတ် ၁၆ ရက်(တနင်္ဂနွေနေ့)အထိ ကျင်းပမည်။ (တပေါင်းလဆန်း ၁၀ ရက်) မတ် ၁၆ ရက် ညနေ ၃နာရီတွင် ပင့်သံဃာတော် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူ ပူဇော်၍ ညပိုင်းတွင် ဗုဒ္ဓပူဇနိယပွဲ၊ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပမည်။ မတ် ၁၇ရက်(တနင်္လာနေ့)တွင် ပုလဲအရှင်ပညာဝံသ(ဓမ္မကထိက ဗဟုဇနဟိတရေ) နှင့် မတ် ၁၈ရက်(အင်္ဂါနေ့)တွင် တွံတေး အရှင်ကုန္ဒက(ဓမ္မကထိက ဗဟုဇနဟိတရေ) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သဖြင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား လာရောက်ကြည်ညို ကုသိုလ်သဒ္ဓါပွားများကြပါရန်နှင့် ဖုန်း ၀၉–၅၀၂၇၃၁၂နှင့် ၆၆၁၆၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးနှစ်ပါးအား ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ ခုနှစ်တွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့နယ်ဇာတိဖွား ဖြစ်သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တမေတ္တာယျနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုဒုံမြို့ မြို့မ(၁)ရပ်ကွက် ပုပ္ဖာရာမပေါ်တော်မူ စာသင်တိုက် ဆရာတော်ဘဒ္ဒန္တ သီဟရာဇာ ဆရာတော်ကြီး နှစ်ပါးအား မုဒုံမြို့နယ်အသင်း(ရန်ကုန်) မိသားစုက သတ္တမအကြိမ် ဂုဏပူဇာမင်္ဂလာအခမ်းအနားကို (တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၂၂ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည် ဖြစ်သည်။

အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းလှူဒါန်း လိုပါက အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း–၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း–၅၈၅၃၀၂၊ ဦးသာလှ ဖုန်း–၅၃၉၄၅၃၊ အတွင်းရေးမှူး ဦးအောင်လှထူး ဖုန်း–၅၃၇၃၆၉၊ တွဲဖက်အတွင်း ရေးမှူးများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း–၀၉–၅၁–၃၄၉၀၂၊ ဦးတင်ကြိုင် ဖုန်း–၅၇၈၄၇၄နှင့် ဦးအောင်ကြည် ဖုန်း–၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း–၅၃၈၇၂၁၊ စာရင်းစစ် ဦးသန်းလွင် ဖုန်း–၂၉၄၃၅၉ နှင့် နီးစပ်ရာအသင်း အလုပ်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် မတ် ၆

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းနှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)၌ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ နယ်လှည့်သာသနာပြု ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရ (အောင်ခေမာ ဆရာတော်)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များ ကို မတ် ၁၁ရက်မှ ၁၇ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများ မတ် ၉ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ ဖုန်း–၅၅၉၆၀၄ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်း နိုင်ကြောင်းသိရသည်။ (က–ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာကျောင်း၌ တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ဇေယျာသုခလမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုအောင်မြင့်-မလဲ့ရည်ဝင်းတို့က ရတနာမဥ္ဇူ ဓမ္မရိပ်သာကျောင်း ဆရာတော်ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယကဦးပေါ်ထွန်းလက်ခံစဉ်။(က-ပ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်သရုပ်ဆောင်သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်နှင့်ပတ်သက်သော သင်တန်းများဖွင့်လှစ်ရန် စီစဉ်ခဲ့ရာ ပထမဦးဆုံးအနေဖြင့် ရုပ်ရှင်သရုပ်ဆောင်သင်တန်းကို မတ် ၂၄ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်း ကန့်သတ်လက်ခံမည်ဖြစ်သည်။ အခြားသင်တန်းများကိုလည်း စဉ်ဆက်မပြတ် ဖွင့်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိလိုပါက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှတ်(၁၆) ဝက်ပါလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁ သို့ စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပစ္စည်းရောင်းရန်ရှိသည်

- ADSL
- ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ
- လက်ရှိအသုံးပြုနေသော မီးစက်-25KVA
- CD Stand နှင့် Software ခွေများ

Internet ဆိုင်ဖွင့်လိုသူများအတွက် အထူးသင့်လျော်သည်။

ဆက်သွယ်ရန်- Ph- 09-5022691, 571035

ဒေါ်မေမြင့် ကျန်ရစ်ခဲ့သောပစ္စည်းများနှင့်ပတ်သက်၍သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဇော်မင်းဦး[၁၃/တကန(နိုင်)၁၄၈၇၇၆] (ကွယ်လွန်သူဒေါ်မေမြင့်၏ အမွေခံတစ်ဦးဖြစ်သူ)၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်သပြေလမ်း၊တိုက်-၁၉၊ အခန်း-၁၀၂ နေသူ ဒေါ်မေမြင့်[၁၃/တကန(နိုင်)၁၃၀၉၄၁]သည် (၁၀-၂-၂၀၀၈) နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

ကွယ်လွန်သူ ဒေါ်မေမြင့် ကျန်ရစ်ခဲ့သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် စိန်၊ရွှေ၊ငွေ၊ကားနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် တိုက်ခန်း၊ တယ်လီဖုန်းနှင့် တောင်ကြီးမြို့ရှိ ခြံနှင့်တိုက်အပါအဝင် မည်သည့်ပစ္စည်းကိုမှ လွှဲပြောင်း၊ ရောင်းချ၊ပေါင်နှံ၊ပေးကမ်းလှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

အမွေခံ ဦးဇော်မင်းဦး၏ညွှန်ကြားချက်အရ- **ဦးမောင်မောင်တင် LL.B., D.B.L**
တရားရုံးချုပ်ရှေ့နေ
အမှတ်-၅၀၊ ဘဏ်လမ်း၊(ပ)ထပ်၊ အခန်း-A-7၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၀၁၄၃၉

အမည်ပြောင်းခြင်း

အဖ ဦးကျော်ကျော်လင်း၏ သားဖြစ်သူ မင်္ဂလာဒုံ အထက(၂) ဒုတိယတန်း (C)မှ မောင်ကျော်ဇင်သန့်အား မောင်ဘိုဘိုမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘိုဘိုမင်း**

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(1) Chinese Translator Male 1 Post (Any Graduated)

တရုတ်စကားကျွမ်းကျင်စွာပြော/ရေးတတ်ရမည်။ နယ်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။ စာတိုက်သေတ္တာအမှတ်(၁၀၃)သို့ CV Form နှင့် လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံဖြင့် (၁)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

မီးသတိပြု

နှစ်(၃၀)မြောက်ပုလဲ ရတုမင်္ဂလာ

ပါပါ ဦးမြင့်ဆွေနှင့် မာမီ ဒေါ်မြင့်မြင့်အေး (JENNY) တို့၏ ၇-၃-၂၀၀၈ရက်နေ့ နှစ်(၃၀)မြောက် ပုလဲရတုမင်္ဂလာရက်မြတ်မှ ရွှေရတု၊ စိန်ရတုမင်္ဂလာများသို့တိုင် သမီးတို့နှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ-

သမီး-တင်သူဇာဆွေ
B.Sc (Hons) Computer Science
University of Portsmouth UK
M.Sc(Mobile and Wireless Computing)
University of Westminster London, UK

သမီး-ယဉ်မူယာဆွေ
B.Com (Accounting)
University of Adelaide Australia
DA, DBS, DMP (LCCI-UK)

ချိပ်ပိတ်တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၅-၃-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၂ တွင် ပါရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းအောက်ရှိ စက်ရုံများအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ ဝယ်ယူမှုအတွက် တင်ဒါပိတ်ရက်အား ၂၀-၃-၂၀၀၈ ရက် ၁၆:၀၀ နာရီသို့ ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း(စီမံကိန်းဌာန)
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊
ဖက်စ်-၀၆၇-၄၀၈၃၃၈

လသာလမ်း တက္ကသိုလ်ဝင်တန်း သီးသန့်သင်တန်း

ညွှန်သူတော်၍ တော်သူထူးချွန်ရမည်
မတ်လဆန်းစမည်
နံနက်ကျောင်း၊ နေ့ကျောင်းများ တက်နိုင်ရန်
အချိန်များအထူးစီစဉ်ပေးထားပါသည်။ ဖုန်း -၃၈၆၉၅၉

အိမ်ခန်းရောင်းမည်

(၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

15' x 50'၊

မြေညီ၊ ပထမလွှာ(ဟောင်ကောင်) ဖုန်းပါ

15' x 50'၊

ဒုတိယလွှာ-တတိယလွှာ(ဟောင်ကောင်) ဖုန်းပါ

ဆက်သွယ်ရန်- ၀၉ -၅၁၆၃၈၇၂

၂၈. ၂. ၂၀၀၈ နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၇)ပါအမှတ်(၄၁)၊ (၄)လွှာ(ဝဲ)၊ ၉၂-လမ်း၊ တန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်ခန်းနှင့်ပတ်သက်၍ မမှန်မကန် ကြေညာခြင်းကို အများသိစေရန် တိုက်ခန်းပိုင်ရှင်မှ ပြန်လည်ရှင်းလင်း သတိပေးကြေညာခြင်း။

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ တရားရုံးချုပ်ရှေ့နေ ဦးမြင့်သောင်းနှင့် အထက်တန်းရှေ့နေဦးကြည်ဝင်းတို့၏ ကြေးမုံသတင်းစာပါကြေညာချက်သည်လုံးဝမှန်ကန်မှုမရှိပါ။ အဆိုပါတိုက်ခန်းကို အိမ်ရှင်(မြေရှင်)ဒေါ်ဟလီမာသည် ကျွန်ုပ်ဦးအောင်နိုင်ထွန်းအားအပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ၂၀၀၀ပြည့်နှစ်တွင်လက်ရောက်အပြီးအပိုင်ပေးကမ်းခဲ့ပြီးဖြစ်ပါသည်။ ၎င်း၏သမီးဒေါ်နီနီမာမှလည်းထိုစာချုပ်တွင်သက်သေအဖြစ်လက်မှတ်ရေးထိုးပေးထားပြီး၊ အဆိုပါတိုက်ခန်းတွင်ကျွန်ုပ်တရားဝင်အိမ်ထောင်စုစာရင်းဖြင့်နေထိုင်ပိုင်ဆိုင်လာသူဖြစ်၍ ထိုတိုက်ခန်းကိုကျွန်ုပ်မှအချိန်မရွေးပြန်လည်ရောင်းချပေးကမ်းစွန့်လွှတ်ပိုင်ခွင့်ကိုတာဆီးပိတ်ပင်ဟန့်တားခွင့်မရှိပါ။ ထို့ပြင်အဆိုပါတိုက်ခန်းနှင့်ပတ်သက်ခြင်းမရှိသော ကျွန်ုပ်၏မိဘ ဟာဂျီဦးမြင့်သိန်းနှင့်ဟာဂျီမဒေါ်ခင်သန်းမြင့်တို့၏ အမည်ကိုလည်းကောင်း၊ ၎င်းတို့နှင့်ပတ်သက်၍မှန်ကန်မှုမရှိသောအကြောင်းအရာများကိုလည်းကောင်း၊ ဒေါ်ဟလီမာ၊ ဦးဇော်ဝင်းနှင့်ဒေါ်နီနီမာတို့ကတမင်သက်သက်သတင်းစာတွင်ထည့်သွင်းကြေညာခြင်းသည်ကျွန်ုပ်တို့၏ ဂုဏ်သိက္ခာကိုထိခိုက်ညှိုးနွမ်းစေပါသဖြင့်၊ (၇)ရက်အတွင်းထိုကြေညာချက်ကိုပြန်လည်ရုပ်သိမ်းတောင်းပန်ကြောင်းဖော်ပြကြေညာပေးပါရန် တောင်းဆိုလိုက်ပါသည်။ ပျက်ကွက်ပါကထိုကြေညာချက်ကို ထည့်သွင်း ကြေညာသူများအားလုံးအပေါ် တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်းအများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

ဦးအောင်နိုင်ထွန်း
၆/မအရ (နိုင်) ၀၈၅၆၇၂
(တိုက်ခန်းပိုင်ရှင်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ
ဦးမောင်စိ(အလပြ၊အထက-၂၊ဒဂုံ)-ဒေါ်နော်ဒေးဝါး(အလပြ၊အထက-၂၊အင်းစိန်)တို့၏
သားကြီး

စောမူးစော B.Sc (Maths)
(နိုင်ငံခြားရေးဝန်ကြီးဌာန)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ
ဦးမြင့်သောင်း(ဆက်သွယ်ရေးအဆင့်-၁၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်တင်တင်ဝင်းတို့၏
တစ်ဦးတည်းသောသမီး

မခိုင်ခိုင်လင်း B.A (History), M.DevS(Part II)
(နိုင်ငံခြားရေးဝန်ကြီးဌာန)

တို့၏ ၁-၃-၂၀၀၈ရက်နေ့တွင် Panda Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဉာဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ မိဘသဖွယ်ကူညီ၍ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၏ ဇနီး အန်တီလဲ့နှင့် မိသားစုများ၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ ဇနီး Dr. ဒေါ်ခင်မြဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)နှင့်ဇနီး၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန်နှင့် ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အထက(၂)ဒဂုံ၊ အထက(၂)အင်းစိန်တို့မှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော အဆိုတော်ဒေါ်ရီရီသန့်တို့အားလည်းကောင်း၊ မိတ်ကပ်-စိုးစိုး၊ သတို့သမီးဝတ်စုံနှင့် လက်ဝတ်ရတနာများအားစီစဉ်ပေးသော သီတဂူ(ဗိုလ်ချုပ်ဈေး)အားလည်းကောင်း၊ သတို့သား၊သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မောင်အောင်သူဝင်းနှင့် မသက်ထားဇင်၊ မင်္ဂလာပန်းကြဲပေးသော မဥမ္မာဦး၊ မင်္ဂလာအောင်စံပယ်ပန်းကလပ် ကိုင်ဆောင်ပေးသော မတင်တင်ချို၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးသော မထွေးထွေးနုအောင်တို့အားလည်းကောင်း၊ နေပြည်တော်မှ တကူးတက လာရောက်ချီးမြှင့်ပေးပါသော ဆရာသမားများနှင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်နှစ်ဖက်မိဘများ၏ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက်အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စောမူးစော-မခိုင်ခိုင်လင်း

LCCI MYOB (Level 2 + 3)
MAS EDUCATION CENTER
Computerised Accounting
Contact : U Thura Shein
Open on 17-3-08 Register Now
No.611, 4th Floor, Mahabandoola Road & 23rd St, Latha.
Ph: 09 99 71735, 09 500 3499, 705016.

ရောင်းမည်
Isuzu,၇က/---- မှန်လုံ ၂၅ယောက်စီး
Mazda Asia,၁၁/---- မှန်လုံ ၂၅ယောက်စီး
ဖုန်း-၀၉ ၈၀ ၃၃၈၃၀၊၇၂၁၀၃၉

သားသားမီးမီးတို့စာမေးပွဲပြီးပြီလား

ကလေးစာအုပ်မျိုးစုံအပြင် စာအုပ်အမျိုးပေါင်း (၆၀၀၀)ကျော် ကို
တနေရာထဲမှာ ရွေးချယ် ဝယ်ယူနိုင်ဖို့

ဗေဒါ စာအုပ်အရောင်းခန်းမ

သိမ်ဖြူလမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ယခင် မြန်မာယူနီဗာဆယ်ဘဏ် နေရာ။ Phone : 09-5179221

TOTAL SUMMER SCHOOL

Learn **CHINESE** (Mandarin) during this Summer!

Ages : 5 years and above

အမှတ်(၉၅)၊ အနော်ရထာလမ်းနှင့် ၅၂လမ်းထောင့်၊ ပုဇွန်တောင်။
အမှတ်(၂၈၀)၊ ဦးဝိစာရလမ်း၊ ကမာရွတ်။
☎ ၂၉၆၅၅၂၊ ၂၉၃၇၅၄၊ ၅၂၆၄၅၆၊ ၇၀၁၁၆၅၊ ၁၄၅၉၅၇၊ ၅၂၄၅၉၉

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** တို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ရန်ကုန်မြို့သို့ ရောက်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC) ဌာနေကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ

ရန်ကုန် မတ် ၆

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ထို့နောက် Mr. Gambari သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများနှင့်လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ (ICRC) ဌာနေကိုယ်စားလှယ်နှင့်လည်းကောင်း တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက Mr.Gambari အား မြရိပ်သို ရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

သာသာယာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

အာဖဂန်၌ နိုင်ငံရေး၊ စီးပွားရေး အမြတ်မထုတ်ရန် အမေရိကန်နှင့် နေတိုးအဖွဲ့အား ရုရှားသတိပေး အပါအဝင် နိုင်ငံတကာသတင်းများ
စာမျက်နှာ— ၄၊၅

ပြည်တွင်း ပြည်ပ အားကစားသတင်းများ
စာမျက်နှာ—၉

စပါးဆန်သတင်းနှင့် နည်းပညာစာစောင်ထုတ်ဝေ (သတင်းဆောင်းပါး) စာမျက်နှာ—၁၁

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား